မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၁၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၇)ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းများချမှတ်ပြီး တစိုက်မတ်မတ် ဖော်ဆောင်ပေးလျက်ရှိ ကျောင်းသားကျောင်းသူများ၏ ဝါသနာ၊ ဗီဇ၊ ကိုယ်ရည်ကိုယ်သွေးနှင့် အားထုတ်ကြိုးစားမှုဖော်ထုတ် ပညာရပ်အလိုက် အစွမ်းကုန် ဖွံ့ဖြိုးတိုးတက်နိုင်စေရေး စေတနာထား လေ့လာဆန်းစစ်သွန်သင်

ပညာရေးဆိုင်ရာ ကွန်ရက်စနစ်များ၏စွမ်းအားနှင့် စွမ်းရည်များမြင့်မားလာစေရန် ဖန်တီးပေး

နေပြည်တော် မေ ၈

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သည့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၇) ဖွင့်ပွဲအခမ်းအနားကို မေ ၇ ရက်နံနက် ၉ နာရီက မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်းနှင့် ဒုတိယ ပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ မန္တလေးတိုင်းနှင့် ပြင်ဦးလွင်ခရိုင်တို့မှ တိုင်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အကောင်အထည်ဖော်

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများအပြင် ခေတ်မီသင်ကြားမှု သင်ယူမှုနည်းပညာသစ်များ၊ ခေတ်မီအီလက်ထရွန်နစ် သင်ထောက်ကူပစ္စည်းများ၊ ကွန်ရက်များကို အသုံးပြုလေ့လာသင်ယူနိုင်စေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးပါမှ အမှန်တကယ် အဆင့်အတန်းမြင့်မားသည့် ပညာရည်အရည်အသွေးကို ပိုင်ဆိုင်နိုင်မည်ဖြစ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ မေလ ၉ ရက်)

အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေး တက်ညီလက်ညီ အားထုတ်ကြိုးပမ်း

နိုင်ငံတော်အနေဖြင့် ခေတ်နှင့်အညီ ပေါ်ထွန်းလာသည့် နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ ရယူအသုံးချ၍ အသိဉာဏ် အမြော်အမြင်များနှင့်ပြည့်စုံပြီး အမြဲရှင်သန်နေသည့် ပညာရေးပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ရန် ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ၊ ခေတ်မီသင်ကြားမှု သင်ယူမှု နည်းပညာသစ်များ၊ အီလက်ထရွန်နစ် သင်ထောက်ကူပစ္စည်းများ၊ ကွန်ရက်များကို အသုံးပြု လေ့လာပြီး အမျိုးသားပညာရည် မြင့်မားရေးအတွက် လေ့ကျင့်ပျိုးထောင်သွားကြရမည် ဖြစ်သည်။

ပညာရည်အရည်အသွေးမြင့်မားသည့် မျိုးဆက်သစ်များသည် ပိုမိုတိုးတက်ကောင်းမွန်သည့် လူ့ဘောင်အဖွဲ့အစည်း ဖြစ်ပေါ်လာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရေးနှင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေး ရည်မှန်းချက်များ အောင်မြင် အကောင်အထည်ပေါ်အောင် ဖန်တီးဖော်ဆောင်ပေးကြမည့် အဓိကအရင်းအမြစ် စွမ်းအားစုများပင် ဖြစ်သည်။

မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားမှသာ နိုင်ငံသူနိုင်ငံသားများ၏ ဘဝအဆင့်အတန်း မြင့်မားလာမည်ဖြစ်သကဲ့သို့ လူ့ဘောင်အဖွဲ့အစည်း၏ လူမှုအရည်အသွေးလည်း မြင့်မားပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာနှင့် လူမှုတန်ဖိုးများဖြစ်သည့် ရိုးသားဖြူစင်သည့် စိတ်ဓာတ်၊ ယဉ်ကျေးပျူငှာသည့် အမူအကျင့်၊ ဘာသာရေးကိုင်းရှိုင်းသည့် အစဉ်အလာ၊ ကူညီရိုင်းပင်းတတ်သည့် အလေ့အထ၊ အများအကျိုး စုပေါင်းဆောင်ရွက်ကြသည့် ဓလေ့စရိုက်၊ စာရိတ္တနှင့် ကိုယ်ကျင့်တရားမြင့်မားမှုကို အခြေခံသည့် ကိုယ်ရည်ကိုယ်သွေးများ ဖြစ်တည်နေရန် မျိုးဆက်သစ်လူငယ်များအား အလေးထား ပြုစုပျိုးထောင်ပေးကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများ ပညာရည်မြင့်မားရေး၊ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းရေးနှင့် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာရေးအတွက် ဆရာ ဆရာမများနှင့် ပညာရေးကဏ္ဍမှ တာဝန်ရှိသူများက တက်ညီလက်ညီ အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၅-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ အရှင်ဓမ္မပါလ ဆုတောင်းဆရာတော် (အပိုင်း-၂)(သီတဂူဆရာတော် အရှင်ဉာဏိသရ)
- ၇:၅၅ ဘုန်းတော်ထင်ရှား ရှင်တော်မဟာမုနိဘုရား
- ၈:၀၅ တေးဂီတအစီအစဉ်
- ၈:၁၀ နိုင်ငံတကာ အနုပညာရေးရာ
- ၈:၄၀ တေးဂီတအစီအစဉ်
- ၈:၄၅ ဝေဟင်မှာဝဲပျံစေဖို့ လေတံခွန်ကစားစို့
- ၉:၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၄၅ မီးအပူပေးပြုပြင်ခြင်း နည်းပညာ
- ၁၀:၀၀ တေးဂီတအစီအစဉ်
- ၁၀:၀၅ Midweek Sports News
- ၁၀:၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၂၅ တစ်ကိုယ်တော် တေးစုကဏ္ဍ (ဂရေဟမ်)
- ၁၀:၄၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၅၀ ကျန်းမာရေးကဏ္ဍ နှလုံးသွေးကြောရောဂါအကြောင်း သိကောင်းစရာများ (အပိုင်း-၂) "လေးဖက်နာ နှလုံးရောဂါအကြောင်း သိကောင်းစရာများ" (ပါမောက္ခ ဒေါက်တာခင်မေစန်းနှင့် တွေ့ဆုံခြင်း)
- ၁၁:၁၅ တေးဂီတအစီအစဉ်
- ၁၁:၂၀ လှပခံ့ညား ရောင်စုံအမိုးပြား
- ၁၁:၃၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၄၀ MRTV-4 စာအုပ်စင်ကဏ္ဍ (ပန်းအလင်္ကာမဂ္ဂဇင်း အယ်ဒီတာချုပ် မင်းချမ်းမွန်နှင့် တွေ့ဆုံခြင်း)
- ၁၂:၀၅ တေးဂီတအစီအစဉ်
- ၁၂:၁၀ အဆင့်မီ ရော်ဘာဖူးဆက် ပျိုးပင်ရရှိရေး
- ၁၂:၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂:၃၅ လန်းဆန်းသွက်လက်စေဖို့အတွက် ပန်းမွေးဆီသုံးရေချိုးစက်
- ၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ် မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။
MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၂၄	Chelsea-Man Utd	5-Sports (Live)

မြဝတီရုပ်မြင်သံကြား

၉-၅-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၆။ အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅:၂၀ ၇။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅:၃၀ ၈။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၄၀ ၁၄။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှိတော့ရှိတယ် ရှားတယ်** (အပိုင်း-၁၆)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ English Usage
- ၁၉။ ဗွီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးနဂါးသိုင်းရှစ်ကွက်** (အပိုင်း-၂၅)

၁၀-၅-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၁:၃၀ ၁။ English Premier League ဘောလုံးပွဲ Chelsea Vs Manchester United (Live)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဦးစိုးသာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံမှ ပြန်လည်ရောက်ရှိ အာဆီယံစီးပွားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ဆွေးနွေးခဲ့

နေပြည်တော် မေ ၈

အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘဂါဝမ်မြို့၌ မေ ၃ ရက်မှ ၄ ရက်အထိ ကျင်းပသည့် အာဆီယံ စီးပွားရေးဝန်ကြီးများ၏ (၁၃)ကြိမ်မြောက် အလွတ်သဘော အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီးနောက် ယမန်နေ့ နံနက်ပိုင်းက လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ဝန်ကြီးဦးစိုးသာ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော် လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ပါဝင်ဆွေးနွေး

ဝန်ကြီးသည် မေ ၂ ရက် ညပိုင်းတွင် အာဆီယံ စီးပွားရေးဝန်ကြီးများ၏ (၁၃)ကြိမ်မြောက် အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ ဝန်ကြီးသည် မေ ၃ ရက်တွင် ကျင်းပသော အာဆီယံ စီးပွားရေးဝန်ကြီးများ၏ (၁၃)ကြိမ်မြောက် အလွတ်သဘော အစည်းအဝေးသို့ ပါဝင်တက်ရောက်ပြီး အာဆီယံ ပဋိညာဉ်စာချုပ် စီးပွားရေးပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ အာဆီယံစီးပွားရေး အသိုက်အဝန်းပုံစံ၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများနှင့် လွတ်လပ်သော ကုန်သွယ်မှု ဒေသထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များကို ပါဝင်ဆွေးနွေးခဲ့သည်။

အာဆီယံ-အီးယူ ညှိနှိုင်းဆွေးနွေးပွဲကို မေ ၄ ရက်နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ အာဆီယံ ၁၀ နိုင်ငံမှ စီးပွားရေးဝန်ကြီးများ၊ ဥရောပကော်မရှင်မှ ကုန်သွယ်မှု ကိုယ်စားလှယ်တို့ ပါဝင်တက် ရောက်ခဲ့ကြပြီး အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲ၌ ဝန်ကြီးက အာဆီယံနှင့် အီးယူ လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်မှုစတင်ရေး ကိစ္စရပ်များကို ပါဝင်ဆွေးနွေးခဲ့သည်။

တက်ရောက်ခဲ့

မွန်းလွဲပိုင်းတွင် အာဆီယံ-ဂျပန် ဘက်စုံပူးပေါင်းဆောင်ရွက်မှု အလွတ်သဘောညှိနှိုင်းဆွေးနွေးပွဲကိုဆက်လက်ကျင်းပရာအာဆီယံ ၁၀ နိုင်ငံမှ စီးပွားရေးဝန်ကြီးများနှင့် ဂျပန်နိုင်ငံစီးပွားရေး ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးတို့ ပါဝင်တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ဗိုလ်ကြီးညွန့်မြိုင်အား ရည်စူး၍ အမှတ် ၆၁ အေးရိပ်သာ (၁)လမ်း တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ်နေ ဇနီး ဒေါ်ကျင်ကျင် မိသားစုက ဗဟန်းမြို့နယ် ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ် ၁၀၂၅၀၀၀လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။ (က-ပ)

CLMV လေကြောင်းသဘောတူစာချုပ် အပြီးသတ် အကောင်အထည်ဖော်နိုင်ရေး လေကြောင်းအာဏာပိုင်များနှင့် လေကြောင်းလိုင်းများ နည်းလမ်းရှာဖွေဆောင်ရွက်

ရန်ကုန် မေ ၈

ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ကြီးမှူး၍ ပြည်ထောင်စုမြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပသော ကမ္ဘောဒီးယားသမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ(CLMV) ဒေသခွဲ လေကြောင်းပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မြို့ပြလေကြောင်းဌာန ညွှန်ကြားရေးမှူးချုပ်များ၏ နဝမအကြိမ်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ လုပ်ငန်းများနှင့် ကျောင်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ကမ္ဘောဒီးယားသမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် သံအမတ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

နည်းလမ်းများရှာဖွေ

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက အမှာစကား ပြောကြားရာတွင် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည့် (CLMV) နိုင်ငံများသည် လေကြောင်းပို့ဆောင်ရေး ဖြေလျှော့မှုများကို နိုင်ငံတကာ လေကြောင်းပို့ဆောင်ရေးဖြေလျှော့မှုများတွင် ဒေသတွင်း ဖြေလျှော့မှုများ၏ ထူးခြားသည့် စံနမူနာများပါဝင်သည့် ဒေသခွဲအတွင်း လေကြောင်းပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှု တည်ထောင်ရန် မြို့ပြလေကြောင်းညွှန်ကြားရေးမှူးချုပ်များအကြား သဘောတူညီချက်တစ်ရပ်ကို ၁၉၉၈ ခုနှစ်က လက်မှတ်ရေးထိုးကာ စတင်ခဲ့ကြောင်း၊(CLMV) နိုင်ငံများတွင် တူညီသော လူနေမှု၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့၊ ဘာသာရေး၊ အချင်းချင်း နားလည်မှုနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်နိုင်ရန် ယုံကြည်မှုရှိခြင်းတို့သည် ဒေသခွဲအတွင်း လေကြောင်းပို့ဆောင်ရေး ဖြေလျှော့မှုများအတွက် အခြေခံကောင်းများဖြစ်ကြောင်း၊ (CLMV) လေးနိုင်ငံကြား ချုပ်ဆိုထားသည့် လေကြောင်း သဘောတူစာချုပ်သည် ၂၀၀၇ ခုနှစ် ဧပြီ ၂၃ရက်တွင် သက်ဝင်ခဲ့ပြီးဖြစ်ခြင်းသည် ဒေသခွဲ ပူးပေါင်းဆောင်ရွက်မှု၏ အသီးအပွင့် ရလဒ်ကောင်းတစ်ခုဖြစ်ကြောင်း၊ အဆိုပါ စာချုပ်သည် (CLMV) နိုင်ငံများ၏ လေကြောင်းပို့ဆောင်ရေး ဖြေလျှော့မှု ပြုလုပ်ရေးအတွက် အခြေခံကောင်းနှင့် ပေးနိုင်မည်ဖြစ်ကြောင်း၊ နိဂုံးချုပ်အားဖြင့်(CLMV) လေကြောင်းသဘောတူစာချုပ်ကို အပြီးသတ် အကောင်အထည်ဖော်နိုင်ရေးအတွက် (CLMV) နိုင်ငံများ၏ လေကြောင်းအာဏာပိုင်များနှင့် လေကြောင်းလိုင်းများအနေဖြင့် နည်းလမ်းများ ရှာဖွေကြရန်ဖြစ်ကြောင်း တိုက်တွန်း ပြောကြားသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေသည် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်အတူ အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်ကျင်းပမည်

နဝမအကြိမ်မြောက် (CLMV) လေကြောင်းပို့ဆောင်ရေးအရာရှိများ၏ အစည်းအဝေးနှင့် နဝမအကြိမ်မြောက် (CLMV)လေကြောင်းလိုင်းများ၏ အစည်းအဝေးများကို ဆက်စပ်အစည်းအဝေးများအဖြစ် ကနဦးကျင်းပပြီး နဝမအကြိမ်မြောက်(CLMV) နိုင်ငံများ၏မြို့ပြလေကြောင်းဌာန ညွှန်ကြားရေးမှူးချုပ်များ၏ ကုန်သွယ်ရေး ခရီးသွားလာရေးတိုးမြှင့်ခြင်းမှ တိုက်ရိုက်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရေးမှူးချုပ်များ၏ အစည်းအဝေးကို မေ ၉ ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကင်း ပြည်သာယာ(ကျိုက္ကဆံစူပါဝမ်း တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း အတွက် နှစ်ဖက် မိဘတို့အား ရည်စူး၍ မင်္ဂလာဒုံ ခရေပင်ရိပ်မွန် (၂)နေ ဗိုလ်ချုပ်ဝင်းသန်း-ဒေါ်ရီရီဝင်း မိသားစုက အလှူတော်ငွေကျပ် ၁၀သိန်းနှင့် နှစ်ဖက်မိဘအမှူးထား၍ မောင်မြတ်မင်း-မဖူးပွင့်သွယ်တို့က မင်္ဂလာဦးဒါန ငွေကျပ်သုံးသောင်း ဆက်ကပ်လှူဒါန်းရာ ဆရာတော်အရှင်ခေမာသီရိလင်္ကာရက ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။ (၁၁၅)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ (CLMV) ဒေသခွဲလေကြောင်းပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နဝမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မဟာသန္တိသုခ အဘိဓမ္မာသင်တန်းဖွင့်မည်

ရန်ကုန် မေ ၈

ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး၌ အဘိဓမ္မာသင်္ဂြိုဟ်ပုံမှန် သင်တန်းကို မေ ၁၂ ရက်(စနေနေ့)ညနေ ၄ နာရီတွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းထိုင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဇနိတနှင့် သဒ္ဓမ္မဇောတိကဓဇ ဆုထူးပန်ဆရာဟန်တို့က ဦးဆောင်၍ ဓမ္မဒါန သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသော ပုဂ္ဂိုလ်များသည် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၄၄၉၃၈သို့ ဆက်သွယ်၍ဖြစ်စေ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဗဟန်းမြို့နယ်ပြန်/ ဆက်ဦးစီးဌာန နယ်လှည့်စာဖတ်ခန်းဖွင့်

ရန်ကုန် မေ ၈

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မေ ၃ ရက်နံနက်၁၀နာရီက ရွှေတောင်ကြား (၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပရာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အသင်းအဖွဲ့ အသီးသီးမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် ရွှေတောင်ကြား (၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ဖွင့်လှစ်ပြသ

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်က နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စာပေအကျိုးကျေးဇူးကြီးမားပုံအား ဟောပြောသည်။ ဆက်လက်၍ ရွှေတောင်ကြား (၁)ရပ်ကွက်အတွင်းရှိ အမျိုးသမီးရေးရာအဖွဲ့ရုံး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးတို့တွင်လည်း နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲများ ဖွင့်လှစ်ပြသခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

(အောက်ပုံ)

■ **ကျောဖုံးမှ**

နေ့အပူချိန်

မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိမည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၂၀ စင်တီမီတာ(လေးပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၇၅ စင်တီမီတာ(နှစ်ပေခွဲခန့်)နှင့် ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၃၀ စင်တီမီတာ(တစ်ပေခန့်) လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့တို့တွင် ၉၀ စင်တီမီတာ (သုံးပေခန့်)နှင့်မော်လိုက်မြို့၊ ကလေးဝမြို့နှင့်မုံရွာမြို့တို့တွင် ၄၅ စင်တီမီတာ (တစ်ပေခွဲခန့်) လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်ကြေညာထားသည်။ **(သတင်းစဉ်)**

စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် အဘိဓမ္မာသင်တန်းဖွင့်မည်

ရန်ကုန် မေ ၈

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ၁၆/၂ရပ်ကွက်ရှိ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၏ စွန်းလွန်းအဘိဓမ္မာသင်တန်းကို မေ ၁၂ရက် (စနေနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ နံနက် ၉ နာရီ၌ ပဋ္ဌာန်းသင်တန်းကိုလည်းကောင်း၊ မွန်းလွဲ ၁နာရီခွဲတွင် အဘိဓမ္မာအခြေခံသင်တန်းကိုလည်းကောင်း သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းတက်လိုသူများ ဖုန်း-၅၆၄၆၅၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး သင်တန်းစာအုပ်များကို Myint Myat Agrochemical Enterprise Ltd.က ကုသိုလ်ပြုလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

နေ့အပူချိန် ၈-၅-၂၀၀၇

နေပြည်တော်	၉၁	ဒီဂရီဖာရင်ဟိုက်
ရန်ကုန်	၈၅	ဒီဂရီဖာရင်ဟိုက်
မန္တလေး	၉၇	ဒီဂရီဖာရင်ဟိုက်
ဗန်းမော်	၁၀၄	ဒီဂရီဖာရင်ဟိုက်
ကသာ	၁၀၄	ဒီဂရီဖာရင်ဟိုက်

မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မေ ၈

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းမြို့ဟောင်း အထက၏နှစ်(၅၀)ပြည့် ရွှေရတုသဘင်နှင့် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၅ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရန်စီစဉ်ထားသည်။ ယခင်အလက စစ်တောင်းမြို့ဟောင်း ကျောင်းတော်ကြီးတွင် ပညာသင်ကြားခဲ့ဖူးသော ရပ်နီးရပ်ဝေးမှ ကျောင်းသူကျောင်းသားဟောင်းများသည် ဦးမျိုးမြင့်အောင် ဖုန်း-၀၁-၅၆၀၅၈၄၊ ၃၉၁၀၁၄၊ ဦးဇော်မင်း ဖုန်း-၀၉-၅၁၄၁၄၇၁၊ ဦးကျင်ထွန်း ဖုန်း-၀၉-၈၀၃၄၄၄၆၊ ဦးပီလူး(ဝင်းထိပ်တန်းမျက်မှန်ဆိုင်)၊ ဖုန်း-၀၁-၂၄၀၆၁၆၊ ဒါရိုက်တာ ဓာတ်ပုံ အဏ်ထော်ဏီ ဖုန်း-၀၁-၃၈၈၁၃၉နှင့် ကိုသိန်းအောင်(ခ)ကိုဟူဆင် ဖုန်း-၀၁-၆၆၃၃၉၀ တို့သို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း အငြမ်းအကြိမ်မြောက် ညီလာခံကို ကြိုဆိုပါသည်

လူသားတိုင်း လူသားတိုင်း စိတ်ရောကိုယ်ပါ ရောဂါကင်းရှင်းပြီး သက်တမ်းရှည်ကြာ နေလိုကြသည်။ ထို့အတွက် မိမိတို့တတ်စွမ်းသလောက် ကျန်းမာသမှု နေ့စဉ်ပြုနေကြသည်။ ကာလ၊ ဒေသ၊ ပယောဂနှင့် လိုက်လျောညီထွေ ပြုမူနေထိုင်ကြသည်။ သို့ရာတွင် လူတိုင်း၌ ရှောင်လွှဲမရသည့် မထိမတွေ့မဖြစ်သည့် ပတ်ဝန်းကျင်နှင့် အမြဲတစေထိတွေ့နေရသည်။ လူနှင့်ပတ်ဝန်းကျင် ကူးလူးဆက်ဆံရာတွင် **"ရှင်သန်ထက်မြက်သော ညီမျှခြေ တည်ဆောက်နိုင်ရန်"** လိုအပ်သည်။ ပတ်ဝန်းကျင်တွင် သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကတို့ ရှိနေသည်။ ယင်းလောကသုံးပါးနှင့် ရှင်သန်ထက်မြက်သော ညီမျှခြေ တည်ဆောက်နိုင်ရန်အတွက် ကျန်းမာရေးလောကသားတို့သည် ကျေးလက်ဒေသပြည်သူတွင်း သက်ဆင်းပြီး ကျန်းမာရေးပညာပေးရင်း၊ ဖြစ်ပေါ်လာမည့် ရောဂါကို ကာကွယ်ရင်း ထိထိရောက်ရောက် ပြုစုကုသပေးနေကြသည်။

သို့ရာတွင် ပြည့်စုံသော ညီမျှခြေသို့ မရောက်သေးသည့်အတွက် ရောဂါများ ဖြစ်ပွားနေပါသေးသည်။ ရောဂါဖြစ်ပွားသည်ကို လေ့လာကြည့်သည့်အခါ မိမိတစ်ဦးတည်း၏ စားမှု၊ နေမှု၊ ပြုမူမှုကြောင့်လည်း ရောဂါရရှိနိုင်သည်။ မိမိပတ်ဝန်းကျင်ရှိ ပြည်သူတို့၏ နေထိုင်ပြုမူမှု ကြောင့်လည်း ရောဂါရရှိနိုင်သည်။ ပတ်ဝန်းကျင်ရှိ ရေ၊ အစားအစာ၊ မိလ္လာ၊ အမှိုက်သရိုက်၊ ခြင်၊ ယင်၊ ကြွက်၊ ခွေး စသည်တို့ကြောင့်လည်း ရောဂါရရှိနိုင်သည်။ ယင်းအကြောင်းတရားကြောင့် ရောဂါဆိုးမျိုးစုံကို ၁၉၅၄ခုနှစ်၏ ရှေ့ပိုင်း လွတ်လပ်ရေးခေတ်ဦး တစ်လျှောက်လုံး ပြည်သူတို့သည် လိုမ့်ခံကြရသည်။ ထိုခေတ်၏ ကျန်းမာရေးစောင့်ရှောက်မှုမှာ စနစ်တကျမည်မည်ရရမရှိပါ။ ဆေးရုံ၊ ဆေးဆရာရှိရာသို့ ပြည်သူက သွားရောက်ကုသခံရသည့် ဆေးရုံ၊ ဆရာအခြေပြု စောင့်ရှောက်မှုစနစ်ဖြစ်သည်။

ပြည်သူတို့သည် အရေးကြီးဆုံးဖြစ်သည့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ရေ၊ မိလ္လာ၊ အစားအစာသန့်ရှင်းရေး၊ ကူးစက်ရောဂါ ကာကွယ်တားဆီးရေး၊ အာဟာရဓာတ်ပြည့်ဝစွာ စားသုံးရေးစသည့် အသိပညာ ခေါင်းပါးကြသည့်အတွက် ရောဂါဆိုးကြီးများ ဖြစ်ပွားသေဆုံးမှု၊ မိခင်ကလေးသေဆုံးမှုများ မြင့်မားခဲ့သည်ကို အနည်းငယ် တင်ပြလိုပါသည်။ ၁၉၅၀ပြည့်နှစ် ကျန်းမာရေးညွှန်းကိန်းအရ- ကျောက်ကြီးရောဂါဖြစ်ပွား ၁၀၂၂ ဦးတွင် ၃၈၅၃ ဦး သေဆုံး၊ ပလိပ်ရောဂါဖြစ်ပွားဦးရေ ၁၀၅၂ ဦးတွင် ၆၉၂ ဦး သေဆုံး၊ ကာလဝမ်းရောဂါဖြစ်ပွားဦးရေ ၆၈၇၈ ဦးတွင် ၄၇၀၉ ဦး သေဆုံးသည်ကို တွေ့ရသည်။

မိခင်နှင့်ကလေးများ သေဆုံးမှုမှာလည်း မြင့်မားခဲ့ပါသည်။

တစ်နှစ်အောက် ကလေးများ သေဆုံးမှုမှာ ကလေးအရှင်မွေး ၁၀၀၀ လျှင် ၂၉၇ ဦး သေဆုံး၊ မီးတွင်း မိခင်သေနှုန်းမှာ ကလေးအရှင်မွေး ၁၀၀၀ လျှင် ၉ ဒသမ ၈ ဦး သေဆုံးမှုရှိခဲ့သဖြင့် ဖော်ပြပါ သေဆုံးမှုများသည် ကြောက်ခမန်းလိလိ ဖြစ်ခဲ့ပါသည်။

တိုင်းပြည် ပြန်လည်ထူထောင်ရာတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ဖို့ လိုသည်။ ကျန်းမာသန်စွမ်းမှ ကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်ပေမည်။ ထို့ကြောင့်ပင် ပညာရှင်များက **"ကျန်းမာရေး ကောင်းမွန် မြင့်မားအောင် ဆောင်ရွက်ခြင်းသည် အကောင်းဆုံး ကုန်ထုတ်လုပ်ငန်းဖြစ်သည်"**ဟု မိန့်ဆိုကြသည်။ အကောင်းဆုံး ကုန်ထုတ်လုပ်မည့်သူများမှာ တောင်သူလယ်သမားများ ဖြစ်ကြသည်။ လယ်သမားများသည် ကျေးလက်ဒေသတွင် နေထိုင်ကြသည်။ ထို့အတွက် ကျေးလက်ကျန်းမာရေး မြင့်မားတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်လာသည်။

ယင်းကိစ္စအတွက် ကျေးလက်ဒေသ(မြို့မကျန်းမာရေးအပါအဝင်) နေ ပြည်သူတို့၏ ကျန်းမာရေး ဗိန်းပိတ်မှောင်ကို အလင်းဆောင်ရန်အတွက် ၁၉၅၁-၁၉၅၃ခုနှစ်တွင် နိုင်ငံတော်က လက်ထောက်ကျန်းမာရေးမှူးများကို စတင်လေ့ကျင့်သင်ကြား မွေးထုတ်ခဲ့သည်။ ကျေးလက်ဒေသ အပါအဝင် ပြည်သူတို့၏ ကျန်းမာရေးရာ ကိစ္စအဖြာဖြာကို တခြားနိုင်ငံများတွင်လည်း ဆောင်ရွက်ပေးနေပါသည်။ နီပေါ၊ မော်လဒိုက်နိုင်ငံတို့တွင် လက်ထောက်ကျန်းမာရေးမှူး (Health Assistant) ရုရှားနိုင်ငံတွင် ဖယ်ရှာ (Feldsher)၊ အာရပ်နိုင်ငံများတွင် ဟကင်(မ်) (Hakim)၊ ပါပူဝါနယူးဂီနီတွင် အိပ်ချ်အီးအို (Health Extension Officer)၊ အမေရိကန်တွင် သမားတော်လက်ထောက် (Physician's Assistant)၊ အာဖရိက နိုင်ငံများတွင် ဆေးလက်ထောက် (Medical Assistant) စသည်ဖြင့် ကမ္ဘာ့နိုင်ငံများတွင် လက်ထောက် ကျန်းမာရေးမှူးရာထူးတာဝန်များဖြင့် ကျန်းမာရေးတာဝန် ထမ်းဆောင်နေကြပါသည်။

သို့ရာတွင် မြန်မာနိုင်ငံ၏ လက်ထောက်ကျန်းမာရေးမှူးနှင့် တခြားနိုင်ငံများနှင့် မတူသည်မှာ တခြားနိုင်ငံများတွင် ကျွမ်းကျင်မှုတစ်ခုကိုသာ ဦးစားပေးဆောင်ရွက်ကြသည်။ ဥပမာအားဖြင့် ကျန်းမာရေးပညာပေးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ အာဟာရဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကူးစက်ရောဂါကာကွယ်တိုက်ဖျက်ခြင်း၊ ဆေးကုသခြင်း၊ ဖွားသေစာရင်းဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်းစသည့် ပညာရပ်လုပ်ငန်းများကို ကျွမ်းကျင်သူအများထား၍ ဆောင်ရွက်ကြပါသည်။ မြန်မာနိုင်ငံတွင် လက်ထောက်ကျန်းမာရေးမှူးကို ဘက်စုံဦးဆောင်မှုပေးနိုင်အောင် လေ့ကျင့်ပေးထားသည့်အတွက် နည်းနည်းနှင့် ကျဲကျဲလုပ်နိုင်သည်။ အရင်းနည်းနည်း အမြတ်များများ ဖြစ်စေသည်။

လက်ထောက်ကျန်းမာရေးမှူး၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဆရာမ၊ သွားဖွားဆရာမ၊ ကျောက်ထိုးဆရာတို့က ကျေးလက်ကျန်းမာရေးလုပ်ငန်းများဖြစ်သည့်-

(၁) ကျန်းမာရေးပညာပေးခြင်းလုပ်ငန်း
(၂) ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း
(၃) ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း
(၄) မိခင်ကလေးနှင့် ကျောင်းကျန်းမာရေးလုပ်ငန်း
(၅) အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း
(၆) ဖွားသေစာရင်းမှတ်ပုံတင်ခြင်းလုပ်ငန်း
(၇) ဆေးဝါးကုသခြင်းလုပ်ငန်း

လုပ်ငန်းကြီး (၇)ရပ်ကို စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ကြသည်။ ပြည်သူရှိရာ အစွန်အဖျားအထိ ခက်ခက်ခဲခဲ အသက်၊ သွေး၊ ချွေးပေးပြီး ဆောင်ရွက်ခဲ့ကြသည်။ ပြည်သူကို ဗဟိုပြုပြီး ပြည်သူတွင်းတိုးဝင်ပြုစုစောင့်ရှောက်ပေးခြင်း စနစ်ဖြစ်သည်။ ထို့ကြောင့်ပင် ပြည်သူ့ကျန်းမာရေးသည် တရိပ်ရိပ် ဖွံ့ဖြိုးတိုးတက်လာသည်။

တင်လှိုင် (ကျန်းမာ)

ကျန်းမာရေးသည် တစ်ဦးတစ်ယောက်၏ အရေးမဟုတ်၊ နိုင်ငံတစ်နိုင်ငံ၏ အရေးမဟုတ်၊ ကမ္ဘာ့နိုင်ငံအားလုံးနှင့် ရောထွေးယှက်တင်ဆက်နွှယ်နေသည့်အတွက် ကမ္ဘာ့ကျန်းမာရေး ဖြစ်နေသည်။ ယနေ့ ကမ္ဘာ့ကျန်းမာရေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဦးဆောင်မှုပေးနေသည်။ ဆိုဗီယက်နိုင်ငံ အယ်မာအာတာ (Alma Alta) မြို့တွင် ပြုလုပ်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံက ခေတ်စနစ်၊ ကာလ၊ ဒေသအရ အကောင်းဆုံးဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှု 'စံ'ချမှတ်ပေးလိုက်သည်။ "ပဏာမကျန်းမာရေး စောင့်ရှောက်မှု (Primary Health Care=PHC) လုပ်ငန်းဖြစ်သည်။ ပဏာမကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းတွင် လုပ်ငန်းစဉ်(၈)ရပ် ပါရှိသည်။ အံ့ဩစရာကောင်းသည်က မြန်မာ့ကျေးလက် ကျန်းမာရေးလုပ်ငန်း(၇)ရပ်နှင့် ပဏာမကျန်းမာရေး စောင့်ရှောက်မှု (၈)ရပ်တို့သည် ကွဲပြားခြားနားခြင်းမရှိ တစ်သားတည်းကျနေသည်။

မြန်မာနိုင်ငံတွင် ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို ၁၉၇၈-၁၉၉၀နှစ်အထိ ပထမ၊ ဒုတိယနှင့် တတိယ ပြည်သူ့ကျန်းမာရေး စီမံကိန်းများကိုလည်းကောင်း၊ ၁၉၉၁-၂၀၀၁နှစ်များတွင် အမျိုးသားကျန်းမာရေး စီမံကိန်းကိုလည်းကောင်း၊ လက်ထောက်ကျန်းမာရေးမှူး အသင်းဝင်များသည် ဦးစီးဆောင်ရွက်ခဲ့သည်တွင် တိုးတက်မှုမှတ်တိုင်ကို ထင်ထင်ရှားရှား စိုက်နိုင်ခဲ့သည်။ ၁၉၉၉ခုနှစ် စာရင်းမှတ်တမ်းအရ ကျောက်ကြီးရောဂါ၊ ပလိပ်ရောဂါ၊ ကာလဝမ်းရောဂါ ကင်းစင်ပပျောက်သွားသည်။ တစ်နှစ် အောက်ကလေးသေနှုန်းမှာ အရှင်မွေး ၁၀၀၀ တွင် ၅၉ ဒသမ ၇၇ ဦးသာ ရှိတော့သည်။ မီးတွင်းမိခင်သေနှုန်းမှာ အရှင်မွေး ၁၀၀၀ တွင် ၂ ဒသမ ၂၅ ဦးသာ ရှိတော့သည်။ အနာကြီး၊ မျက်ခမ်းစပ်၊ ပိုလီယိုတို့ ကင်းပပျောက်သွားပါပြီ။ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းဖြစ်သည်။ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်း ဖြစ်သည်။ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်လာမှု သင်္ကေတဖြစ်သည်။

မြန်မာ့ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်နေပါသည်။ ထို့ထက် ပိုမိုတိုးတက်အောင် ရှင်သန်ထက်မြက်သော ညီမျှခြေရှိသည်ထက် ရှိလာအောင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ချမှတ်ခဲ့ပါသည်။

(၁) လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်၊
(၂) ရေကောင်းရေသန့်ရရှိရန်၊
(၃) ပညာရေးဖွံ့ဖြိုးရန်၊
(၄) ကျန်းမာရေးတိုးတက်ရန်၊
(၅) စီးပွားရေးဖွံ့ဖြိုးရန် ဟူသည့် လုပ်ငန်းစဉ်(၅)ရပ်တွင် ကျန်းမာရေးနှင့် တိုက်ရိုက်လုပ်ငန်း(၂)ရပ် ပါဝင်သည်။ ရေကောင်းရေသန့်ရရှိရန်နှင့် ကျန်းမာရေး တိုးတက်ရန်တို့ ဖြစ်သည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည် ဖော်နိုင်ရေးအတွက် ကျေးလက်ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို လုပ်ငန်း(၁၀)ရပ် ရေးဆွဲဆောင်ရွက်ရာတွင် လက်ထောက်ကျန်းမာရေးမှူးသည် ကျရာတာဝန်ကို ဦးစီးလုပ်ဆောင်ပေးနေကြပါသည်။

အသင်းဝင် လက်ထောက်ကျန်းမာရေးမှူးများသည် နိုင်ငံတော်ဝန်ထမ်းနှင့် အငြိမ်းစားများဟူ၍ နှစ်ပိုင်းရှိသည်။ ကျေးလက်ဒေသတွင် အခြေချနေထိုင်ကြသည်။ မြို့ပြများတွင်လည်း နေထိုင်ကြသည်။ မည်သည့်နေရာတွင် ရှိနေနေ ဒေသခံပြည်သူတို့ကို ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးတို့ကို ပျိုးထောင်ပေးနေကြပါသည်။

မြန်မာတို့သည် သဒ္ဓါတရားကြီးမားကြသည်။ အလှူဒါန ပြုအားကြီးမားကြသည်။ ယင်းစရိုက်ကိုတည်၍ လက်ထောက်ကျန်းမာရေးမှူးများသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးအတွက် စေတနာအလှူရှင်များ ပေါ်ထွန်းအောင် ပညာရေးဖွံ့ဖြိုးတိုးတက်ရန် စာကြည့်တိုက်များ ထူထောင်နိုင်ရေးအတွက် အလှူရှင်၊ စေတနာရှင် ပေါ်ထွန်းအောင် မိမိဒေသအလိုက် ပညာပေး လှုံ့ဆော်စည်းရုံးနိုင်ကြကြောင်း ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်းများ ရရှိထားပြီး ဖြစ်ပါသည်။

ယင်းသို့ ပြည်သူ့အကျိုးပြု လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန် မြန်မာနိုင်ငံ လက်ထောက်ကျန်းမာရေးမှူးအသင်း ဗဟိုသည် အသင်းဝင်များအား အမြဲဆော်ဩပေးနေပါသည်။ မိမိအားနှင့် မိမိတို့ ဆောင်ရွက်နေကြသကဲ့သို့ မြန်မာနိုင်ငံ လက်ထောက်ကျန်းမာရေးမှူးအသင်းသည် ပြည်ထဲရေးဝန်ကြီးဌာန၏ အသင်းအဖွဲ့ ခွင့်ပြုအမှတ် (၁၇၅၄)၊ ၃-၁၀-၁၉၉၄အရ နိုင်ငံတကာ အဖွဲ့များနှင့်လည်း ဆက်သွယ်ပေါင်းစပ် ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ယူနီဆက်ဖ် (UNICEF)၊ ယူအင်န်ဒီပီ (UNDP)၊ ဂလိုဘယ်ဖန်း (GLOBAL FUND)၊ ဖန်းအဖွဲ့ (FHAM) တို့နှင့်ပူးပေါင်း၍ ကျေးလက်ဒေသ ရေကောင်းရေသန့် ရရှိရေးလုပ်ငန်း၊ ယင်လုံအိမ်သာ တည်ဆောက်ရေးလုပ်ငန်းများကို ၁၉၉၅ ခုနှစ်မှစ၍ ယနေ့တိုင် တစိုက်မတ်မတ် ဆောင်ရွက်နေပါသည်။

ယနေ့ကာလတွင် HIV/AIDS ကာကွယ်တားဆီးရေးလုပ်ငန်းကို ဂလိုဘယ်ဖန်း၊ ဖန်းအဖွဲ့တို့၏ ပံ့ပိုးမှုဖြင့် ကျောက်တန်း၊ သန်လျင်၊ သံဖြူဇရပ်၊ မြိတ်၊ ကော့သောင်းတို့တွင် ဆောင်ရွက်နေပါသည်။ လက်ထောက် ကျန်းမာရေးမှူးအသင်းသည် သက်ဆိုင်ရာမြို့နယ် ဒေသအာဏာပိုင် အဖွဲ့အစည်းများအား ရှင်းလင်းတင်ပြပြီး ဒေသခံလူငယ်များကို စေတနာစွမ်းဆောင်ရှင်များအဖြစ် လေ့ကျင့်ပေးကာ လူငယ်များကို အချင်းချင်း ပညာပေးစေပါသည်။ တစ်ဦးချင်း ဆွေးနွေးပညာပေးခြင်း၊ အစုအဖွဲ့ စီစဉ်ပညာပေးခြင်း၊ HIV ပိုးကူးစက်ရန် အမူအကျင့်ရှိသူများကို နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်း၊ (Counselling) လုပ်ငန်းများကို လုပ်ငန်းသုံးစာစဉ်၊ ပစ္စည်းများနှင့် အမြဲထိတွေ့ ပညာပေးလျက် ရှိပါသည်။ မသိ၍ မှားသည်။ အမှားကို အမှားမှန်းမသိ၊ အမှန်ထင်ပြီး ဆက်လုပ်ကြသည်တွင် အမှားသံသရာ ရှည်လာသည်။ အမှားကို အမှားမှန်းသိအောင် လုပ်ပေးကြရပေမည်။ မသိနားမလည်သည့် အမှားများကို အသင်းဝင်များ၊ စေတနာစွမ်းဆောင်ရှင်များက တဖွဖွပြောဆို ဆွေးနွေးပညာပေးနေကြပါသည်။ လုပ်ငန်းလမ်းခုလတ်တွင် ဆန်းစစ်ကြည့်သည့်အခါ လူငယ်ထုရော၊ ပြည်သူများပါ HIV/AIDS အသိပညာ တိုးတက်လာသည်ကို တွေ့ရပါသည်။ ဆက်လက်၍ မြန်မာပြည် တစ်နံတစ်လျား တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ လက်ထောက်ကျန်းမာရေးမှူးအသင်းတွင် အသင်းဝင်ပေါင်း ၂၄၅၀ ရှိသည်။ အသင်းသားများသည် ဒေသအသီးသီးတွင် တာဝန်ထမ်း အခြေချနေထိုင်ကြသည်။ များပြားလှသည့် အတွေ့အကြုံများရှိကြသည်။ အသင်း၏ ဖွဲ့စည်းပုံဥပဒေအရ နှစ်နှစ်တစ်ကြိမ် ညီလာခံကျင်းပရသည်။ ယခုနှစ် မေလ ၁၁ရက်၊ ၁၂ရက်နှင့် ၁၃ ရက်တို့တွင် ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်၌ အငြမ်းအကြိမ် ညီလာခံကျင်းပပါမည်။ ညီလာခံမှ ပြည်သူတို့၏ ကျန်းမာရေးအတွက် အလေ့အကျင့်ကောင်းများ တည်ဆောက်နိုင်ရေးကို အလေးထား ဆွေးနွေးကြပါမည်။ ထို့အပြင် အသင်းသားများ၊ ပညာရှင်များ၏ သုတေသန စာတမ်းဖတ်ပွဲများ ကျင်းပပြီး အတွေ့အကြုံ ပညာဖလှယ်ကြပါမည်။

သုံးရက်တိုင်တိုင် ကျင်းပသည့် ညီလာခံမှ အတွေ့အကြုံများ၊ စဉ်ဆက်မပြတ်ပညာရပ်များ၊ စာတမ်းဖတ်ပွဲမှ အတွေ့အကြုံများနှင့် ဆက်စပ်ပြီး ပြည်သူတို့အတွက် လိုအပ်ချက်၊ ကွာဟချက်များကို နိုင်ငံတော်၏ပံ့ပိုးအား၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ပံ့ပိုးအား၊ ပြည်တွင်းအလှူရှင်များ၏အား၊ အသင်းကြီး၏စွမ်းရည်အား၊ ပြည်သူတို့စွမ်းအားတို့ ပေါင်းစပ် ဆောင်ရွက်ပေးမည်။ ကျွန်ုပ်တို့ပြည်သူများသည် အမြဲရှင်သန်ထက်မြက်သည့် ကျန်းမာလူမှုဘဝ မုချရပါလိမ့်မည်။ ကျွန်ုပ်တို့ အသင်းကြီးသည် ကျန်းမာလူမှုဘဝ ခရီးစဉ်တွင် အုတ်တစ်ချပ် သဲတစ်ပွင့်ဖြစ်ခွင့်ရသည့်အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်း တင်ပြရင်း မြန်မာနိုင်ငံ လက်ထောက်ကျန်းမာရေးမှူးအသင်း အငြမ်းအကြိမ်မြောက် ညီလာခံကို ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။ ။

မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား မန္တလေး၌ ကျင်းပ

တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက် အမှာစကားပြောကြား မီးသတ်တပ်ဖွဲ့ စွမ်းရည်သရုပ်ပြသမှုများ ကြည့်ရှုအားပေး

နေပြည်တော် မေ ၈

မန္တလေးတိုင်း ၂၀၀၇ ခုနှစ်(၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၈နာရီက မန္တလေးတိုင်း အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာအားကစားကွင်း၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက် အမှာစကား ပြောကြားပြီး (အောက်ပုံ) **မီးသတ်တပ်ဖွဲ့ စွမ်းရည်သရုပ်ပြသခြင်းများကို ကြည့်ရှုအားပေးသည်။**

ရှေးဦးစွာ မီးသတ်တပ်ဖွဲ့စစ်ရေးပြ တပ်ခွဲများက တိုင်းမှူးအား အလေးပြုကြပြီး တိုင်းမှူးက အမှာစကားပြောကြားရာတွင် မီးသတ်တပ်ဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များ၊ နိုင်ငံတော်ပိုင်ကုန်ထုတ်အရင်းအနှီးများ၊ အဆောက်အအုံများကို မီးဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်ရန်၊ သဘာဝအလျောက်ဖြစ်ပွားတတ်သော ဘေးအန္တရာယ်များကို ပြည်သူများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ကာကွယ်တားဆီးစောင့်ရှောက်ရန်၊ နိုင်ငံတော်အေးချမ်းသာယာရေး၏ အရန်အင်အားအဖြစ် လေ့ကျင့်ဖွဲ့စည်းတည်ဆောက်ရန်ဟူသည့် မွန်မြတ်မြင့်မားသည့် ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်နေသည်ကို တွေ့မြင်ရကြောင်း။

ကြိုးပမ်းဆောင်ရွက်

မီးသတ်တပ်ဖွဲ့ဝင်များ၏ အဓိကတာဝန်ကြီး(၅)ရပ်ဖြစ်သော မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး၊ လူမှုရေးနှင့် နိုင်ငံတော်အေးချမ်းသာယာရေး၏ အရန်အင်အားအဖြစ် လေ့ကျင့်ဖွဲ့စည်းတည်ဆောက်ရေးဟူသည့် တာဝန်များကို မီးသတ်လုပ်ငန်းစဉ် (၇)ရပ်ချမှတ်ကာ ပီပီပြင်ပြင် တိတိကျကျ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

သိရှိတတ်မြောက်ထား

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မီးလောင်မှုအကြိမ်နှင့် ဆုံးရှုံးမှုတန်ဖိုးများ မြင့်တက်လာတတ်သည့် သဘောသဘာဝရှိကြောင်း၊ ထို့ကြောင့် မီးဘေးကာကွယ်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းရေးနှင့် အရည်အသွေး ပြည့်ဝထက်မြက်အောင် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် မီးသတ်ပညာရပ်များကို မီးသတ်တပ်ဖွဲ့ဝင်တိုင်း သိရှိတတ်မြောက်ထားရန်အတွက် လေ့ကျင့်ရေးကို ဦးစားပေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ခေတ်မီ မီးသတ်တပ်ဖွဲ့ဖြစ်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် မီးသတ်တပ်ဖွဲ့အင်အားကို ထပ်မံတိုးချဲ့ဖွဲ့စည်းပေးပြီး ခေတ်မီ မီးသတ်ပညာရပ်များသင်ယူရန် မီးသတ်အရာရှိများကို ပြည်ပနိုင်ငံများသို့ မပြတ်စေလွှတ်ပေးလျက်ရှိကြောင်း။

မီးသတ်တပ်ဖွဲ့ဝင်များ၏ တာဝန်သည် မီးငြိမ်းသတ်ရေးအပြင် အသက်ကယ်တင်ရေးလုပ်ငန်းများကိုပါ သက်စွန့်ဆံဖျား ဆောင်ရွက်ရသည့်အတွက် မွန်မြတ်မြင့်မားသည့် လူမှုဝန်ထမ်းလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့၏ အဓိကတာဝန်ကြီး ငါးရပ်မှာ တစ်ခုအပါအဝင်ဖြစ်သည့် လူမှုရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို စေတနာ၊ ဝါသနာ၊ အနစ်နာ၊ ကရုဏာနှင့် အကြင်နာတည်းဟူသော နာငါးနာဖြင့် ကာကွယ်စောင့်ရှောက်ပေးကြရမည်ဖြစ်ကြောင်း။

ကာကွယ်စောင့်ရှောက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းရည်သုံးရပ်ဖြစ်သည့် မီးသတ်စွမ်းရည်၊ အုပ်ချုပ်မှုစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်များကို အစဉ်ထက်မြက်ရေး လေ့ကျင့်သွားရမည်ဖြစ်ပြီး ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များ၊ နိုင်ငံ၏ ကုန်ထုတ်စွမ်းအားများကို မီးဘေးအန္တရာယ်၊ သဘာဝ ဘေးအန္တရာယ်များမှ လွတ်ကင်းအောင် မီးသတ်တပ်ဖွဲ့၏ ဆောင်ပုဒ်ဖြစ်သည့် သတိ၊ သစ္စာ၊ သတ္တိနှင့်အညီ သက်စွန့်ဆံဖျား ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆုချီးမြှင့်ပေးအပ်

ဆက်လက်၍ (၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် စစ်ရေးပြ ပြိုင်ပွဲတွင် စစ်ရေးပြပထမဆုရ ပြည်ကြီးတံခွန်မြို့နယ် မီးသတ်တပ်ဖွဲ့၊ ဒုတိယဆုရ ပုသိမ်ကြီးမြို့နယ် မီးသတ်တပ်ဖွဲ့နှင့်တတိယဆုရ အမရပူရမြို့နယ် မီးသတ်တပ်ဖွဲ့များကို တိုင်းမှူးကဆုများ ချီးမြှင့်ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

မီးသတ်စွမ်းရည်သရုပ်ပြ

ဆက်လက်၍ အခမ်းအနားအစီအစဉ်အရ မီးသတ်စွမ်းရည် သရုပ်ပြခြင်းများဖြစ်သော အပေါ့စား စက်ကလေး လေ့ကျင့်ခန်း သရုပ်ပြခြင်း၊ မီးသတ်စက်ကြီး လေ့ကျင့်ခန်း သရုပ်ပြခြင်း၊ တပ်စိတ်တိုက်ပွဲသရုပ်ပြခြင်း၊ အထပ်မြင့် အဆောက်အအုံမှ အသက်ကယ်သရုပ်ပြခြင်း၊ ဆီမီးလောင်မှုကို မီးကာဝတ်စုံဖြင့် ဖြတ်ကျော်၍လည်းကောင်း၊ ပေါင်ဒါမှုန့်ခြောက်မီးသတ်ဆေးဘူး၊ လေဖိအားသုံး ရေမှုန့်ထုတ်ကိရိယာဖြင့်လည်းကောင်း မီးငြိမ်းသတ်သရုပ်ပြခြင်း၊ ရိုးရိုးမီးလောင်မှုကို လေဖိအားသုံးရေသေနတ်ဖြင့် မီးငြိမ်းသတ်သရုပ်ပြခြင်း၊ ဆိုင်ကယ်စီးသရုပ်ပြခြင်း၊ ရေကန့်လန့်ကာစနစ် သရုပ်ပြခြင်း၊ အထပ်မြင့် အဆောက်အအုံမီးလောင်မှုအား အထပ်မြင့် မီးငြိမ်းသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်သရုပ်ပြခြင်းများကို မီးသတ်တပ်ဖွဲ့ဝင်များက သရုပ်ပြသကြရာ တိုင်းမှူးနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ခတ္တာလမ်း အမှတ် (၁၄-ဘီ)နေ ဒေါ်ကြိုင် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် ငါးသိန်းကို မိုးမိတ်အနုနာယက ဆရာတော် ဘဒ္ဒန္တ ဝိနယထံရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လျှော်ကား ဓာတ်အားပေးစက်ရုံ

ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၈

အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၅ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ လျှော်ကားဓာတ်အားပေးစက်ရုံ Boiler Control စနစ်အား UXL MOPS System မှ Centum CS 3000 System သို့ပြောင်းလဲ အသုံးပြုမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းခန်းမ၌ ဓာတ်ငွေ့ပေးစက်ရုံများဌာန အင်ဂျင်နီယာချုပ် ဦးညွန့်အောင်က လျှော်ကားဓာတ်အားပေးစက်ရုံတွင် ယခင်က STG Plant ရှိ Boiler သုံးလုံးအား Control Room ၌ Micro-XL System ဖြင့်အသုံးပြုခဲ့မှု အခြေအနေနှင့် ယခုစက်ရုံတွင် Micro-XI System အစား Centum CS 3000 System ဖြင့် အောင်မြင်စွာ အသစ်လဲလှယ်အသုံးပြုနေမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လျှော်ကားဓာတ်အားပေးစက်ရုံ စက်ရုံမှူး ဦးသိန်းဇော်က ကမ်းလွန်နှင့် ကုန်းတွင်းသဘာဝဓာတ်ငွေ့ရရှိမှုများ၊ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရန်နှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးဝေမှုများ၊ စက်ရုံရှိ ရေသန့်စင်ပေးသော စက်များ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့သည် လျှော်ကားဓာတ်အားပေးစက်ရုံ Control Room ရှိ ဘွိုင်လာ Control စနစ်အား UXL System မှ Control CS 3000 System သို့ ပြောင်းလဲတပ်ဆင်အသုံးပြုနေသည့် HIS (Human Interface Station) No(1)(2) တို့မှ တာဘိုင်သုံးလုံးကို ထိန်းချုပ်မောင်းနှင်နေမှုများအားလည်းကောင်း၊ လျှော်ကားဓာတ်အားခွဲရုံ အတွင်းရှိ 20 MVA 230/33/11 KV အရန် Transformer အား ကျွမ်းကျင်လုပ်သားများဖြင့် စက်ကြံ့ခိုင်မှုနှင့် ဆီဖြည့်တင်းနေမှုများကိုလည်းကောင်း၊ ဓာတ်အားခွဲရုံ Control Room မှ MAIN TR BANK No(1)(2)များ အသုံးပြု ထိန်းချုပ်မောင်းနှင်နေမှုများကိုလည်းကောင်းကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးဦးသိန်းဇော်နှင့် အင်ဂျင်နီယာချုပ် ဦးညွန့်အောင်တို့က ရှင်းလင်းပြသကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်တန်းသာသနာပြု ဆရာတော်တရားပွဲ

ချင်းပြည်နယ် ဟားခါးမြို့ မြို့မသာသနာပြုစာသင်တိုက်မှ ချင်းတောင်တန်းသာသနာပြု ဆရာတော်ဘဒ္ဒန္တ တေဇောသာရ(မဟာဂန္ထဝါစက ပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)သည် ချင်းပြည်နယ်မှ ဓမ္မာစရိယတန်းရောက် တိုင်းရင်းသား ရဟန်းတော်များ နေထိုင်ပညာသင်ရန် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံလမ်း အမှတ်(၃၁၄)တွင် ဆောက်လုပ်နေသော ချင်းပြည်နယ် ဗုဒ္ဓသာသနာထွန်းကားရေး သာသနာပြုကျောင်းတော်ကြီးအတွက် အလှူငွေလှူဒါန်းခြင်း၊ သာသနာပြုအထူးတရားပွဲကို ပဲခူးတိုင်း ဝေါမြို့နယ် ဦးစံတင်-ဒေါ်မြင့်(အဘားရွာဓမ္မသဘင်)၊ ဦးညီမောင်-ဒေါ်စိန်၊ ဒေါ်မြ(မြောက်သူဌေးကုန်း ဓမ္မသဘင်)၊ ဦးထွန်းကြည်-ဒေါ်ရင်စန်း(တောင်သူဌေးကုန်းဓမ္မသဘင်)တို့တွင် ဧပြီ ၁၉ရက်မှ ၂၂ရက်အထိ ညစဉ် ၇နာရီမှစ၍ သာသနာပြုတရားတော်များကို ဟောကြားတော်မူခဲ့ပြီး စေတနာရှင်များက ဆောက်လုပ်လျက်ရှိသော သာသနာပြုကျောင်းတော်ကြီးအတွက် အလှူငွေကျပ်သုံးဆယ့်ငါးသိန်းကို လှူဒါန်းခဲ့ကြသည်။

ချင်းတောင်တန်း သာသနာပြုဆရာတော်သည် ချင်းပြည်နယ် ဗုဒ္ဓသာသနာ ထွန်းကားရေးကျောင်းတော်ကြီး သာသနာပြုအလှူတော်တရားပွဲများကို ဟောကြားလျက်ရှိရာ ဧပြီ ၂၉ရက်တွင် ကျောက်တန်းမြို့ တာပရွာဓမ္မသဘင်၊ ၃၀ရက်တွင် အင်းစိန်မြို့ ဖောင်တော်ဦးမတ်ရပ်ဘုရားကြီး ဓမ္မာရုံကျောင်း ဓမ္မသဘင်တို့၌လည်း သာသနာပြုတရားပွဲများကို ဟောကြားတော်မူခဲ့ကြောင်း သိရသည်။ (က-ပ)

ဗီဒီယို၊ ကင်မရာနှင့် စာကြည့်တိုက်ပညာသင်တန်းဆင်း

မကွေးတိုင်း သရက်ခရိုင် မင်းတုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့က ကြီးမှူးဖွင့်လှစ်သည့် ဗီဒီယို၊ ကင်မရာအခြေခံနှင့် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းအမှတ်(၁/၂၀၀၇) ဆင်းပွဲကို ဧပြီ ၅ရက်ညနေက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးမင်းဆွေက အမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆုရ ဒေါ်အေးမြတ်မွန်အား ဆုချီးမြှင့်ပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း

ပြည်တွင်း

သတင်း

အတိုအထွာ

အင်းတော်ဘူတာ သန့်ရှင်းသပ်ရပ်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိ

စစ်ကိုင်းတိုင်း အင်းတော် မီးရထားဘူတာ အတွင်း၊ အပြင် သန့်ရှင်းသပ်ရပ် သာယာလှပမှုရှိစေရေးအတွက် ဘူတာဝန်ထမ်းများက စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြရာ ဧပြီ ၂၂ ရက်က အင်းတော်ဘူတာရုံပိုင်ကြီး ဦးမြင့်အောင်၊ ဒုတိယရုံပိုင်ဦးခင်မောင်ကြည်၊ ဦးကျော်လွင်နှင့် ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်ကြရာ မြန်မာ့မီးရထား တိုင်း(၁) လက်ထောက်ကြီးကြပ်ရေးမှူး(ပို့ဆောင်)ဦးထွန်းလင်းက ကွင်းဆင်းကြီးကြပ်ပေးကြောင်း သိရသည်။ (၁၃၃)

တေဇစက္ကီ တရားစခန်းသိမ်းပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် တေဇစက္ကီဝိပဿနာကမ္မဋ္ဌာန်း ရိပ်သာကျောင်းတိုက်ကြီး၏ (၁၄)ကြိမ်မြောက် တရားစခန်းသိမ်းပွဲကို မေ၆ရက် ညနေ၆နာရီက အဆိုပါ ကျောင်းတိုက်၌ ကျင်းပရာ တရားပြဆရာတော် သာသနဓဇဓမ္မာစရိယ ဓာတုမနသိကာရပဗ္ဗသာသနာပြု ဓမ္မကထိက ဝိပဿနာ ကမ္မဋ္ဌာနာစရိယ တေဇစက္ကီဝိပဿနာအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) မြင်းမူဆရာတော်က စခန်းသိမ်းပွဲတရားချီးမြှင့်ဟောကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ပြီး ဧပြီ ၃၀ရက်မှ မေ ၆ရက်အထိ တရားစခန်းသို့ ရဟန်း၊ သီလရှင်၊ ယောဂီ ၃၀၀ကျော် ဝိပဿနာတရားများ အားထုတ်ခဲ့ကြောင်း သိရသည်။ (က-ပ)

ကလောမြို့ သက်ကြီးပူဇော်ပွဲ

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့က ကြီးမှူးကျင်းပသည့် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက် ညနေ ၅ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ အခမ်းအနားတက်ရောက်လာကြသူများက အသက် ၇၀ အထက်ဘိုးဘွားများအား လက်ဆောင်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြရာ အပူဇော်ခံဘိုးဘွားများက ဆုတောင်းမေတ္တာပို့သကြသည်။

ဆက်လက်၍ ညနေ ၅ နာရီခွဲတွင် သင်္ကြန်ဗဟိုမဏ္ဍပ်၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ အသက် ၈၀ အထက် ဘိုးဘွား ၃၅ ဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှင့် ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြရာ အပူဇော်ခံဘိုးဘွားများက ဆုတောင်းမေတ္တာ ပို့သကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် မအူပင်မြို့နယ် အောင်ဟိတ်- ပုလဲကုန်း-စံလင်းဒေါင့် ကျေးရွာချင်းဆက် ကျောက်ချောလမ်းနှင့် ကွန်ကရစ်တံတား ဖွင့်ပွဲအခမ်းအနား တက်ရောက်စဉ်။

(သတင်းစဉ်)

မအူပင်၌ ကျေးရွာချင်းဆက် ကျောက်ချောလမ်းနှင့် ကွန်ကရစ်တံတားသစ်ဖွင့် ဒေသခံပြည်သူများ အချိန်မရွေး အလွယ်တကူ သွားလာနိုင်တော့မည်

ရန်ကုန် မေ ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် မေ ၇ ရက်တွင် ဧရာဝတီတိုင်း မအူပင်ခရိုင် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးသွားသော အောင်ဟိတ်-ပုလဲကုန်း-စံလင်းဒေါင့် ကျေးရွာချင်းဆက်ကျောက်ချောလမ်းသစ်နှင့် ကွန်ကရစ်တံတားသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ (အပေါ်ပုံ)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မအူပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေးက လမ်းနှင့်ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူများ ကိုယ်စား မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစန်းလွင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် လမ်းနှင့် ကွန်ကရစ်တံတားသစ်ကို မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုရဲမှူး စိုးသိန်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် လမ်းသစ်အား လှည့်လည်ကြည့်ရှုသည်။ အဆိုပါ လမ်းမှာ အရှည် ၁ မိုင် အကျယ် ၁၂ ပေနှင့် ကွန်ကရစ်တံတားမှာ အရှည်ပေ ၁၀၀ အကျယ် ၁၂ ပေ ရှိပြီး စည်ပင်သာယာရေး ဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၂၁၅ သိန်းဖြင့် မအူပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သောလမ်းဖြစ်ပြီး တံတားနှင့်လမ်း ပြီးစီးသွားသဖြင့် အောင်ဟိတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများ အချိန်မရွေး အလွယ်တကူ သွားလာနိုင်မည်ဖြစ်သည်။

တက်ရောက်

ဆက်လက်၍ ဗဟို အလုပ်အမှုဆောင်ဝန်ကြီးသည် မအူပင်မြို့ တိုးမာလာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် လမ်းသစ်ကို မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယ ရဲမှူးကြီး ဝင်းကြည်၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဝင်းနိုင်ကျော်နှင့် မအူပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးနှင့် အဖွဲ့သည် လမ်းသစ်အားလှည့်လည်ကြည့်ရှုသည်။

ဆောင်ရွက်ခဲ့

အဆိုပါလမ်းမှာ အရှည် ပေ ၃၅၅၀ နှင့် အကျယ် ၁၂ပေရှိကာ စည်ပင်သာယာရေး ဦးစီးဌာန ရန်ပုံငွေကျပ် ၂၀၄သိန်းဖြင့် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အမှာစကားပြောကြား

၎င်းမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ မြို့နယ်အသင်းအတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များတို့အား တွေ့ဆုံကာ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်-မန္တလေး ဈေးသင်္ဘောထွက်ခွာမည်

ရန်ကုန် မေ ၈

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး၊ ကုန်ပို့ဆောင်ရေးဌာနခွဲ၏ ရန်ကုန်- မန္တလေး ဈေးသင်္ဘောခေါက်ရေ(၁) **"မြရော"** ရေယာဉ်သည် မေ ၁၄ ရက် (တနင်္လာနေ့)တွင် ရန်ကုန်မြို့ ဗိုလ်တထောင် အမှတ်(၆) တံတားမှ မန္တလေးမြို့သို့ ထွက်ခွာမည်ဖြစ်သည်။

ကုန်တင်ဆောင် ရောင်းချလိုသူများသည် ကုန်ပို့ဆောင်ရေးဌာနခွဲ ဗိုလ်တထောင်ဈေးလမ်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ဖုန်း-၂၉၂၁၉၉ နှင့်၂၉၂၃၁၉တို့သို့လည်းကောင်း ဆက်သွယ် ဆောင်ရွက်နိုင်သည်။

နယ်မြို့များမှ တင်ဆောင်လိုပါက မအူပင်၊ ဓနုဖြူ၊ ဟင်္သာတ၊ မြန်အောင်၊ ကြံခင်း၊ ပြည်၊ သရက်၊ အောင်လံ၊ မကွေးမြို့များတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြို့နယ်မန်နေဂျာရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကရုဏာ စွမ်းအားရှင်များ

* လူထဲကလူ
ကူညီတဲ့လူသား။
* ကိုယ်ကျိုးဖယ်ခွာလို့
စေတနာဖြူဖြူနဲ့
ပြည်သူကို ကူညီမြဲ
ကြက်ခြေနီပဲ။
* မီးဘေးနဲ့ရင်ဆိုင်ရင်
ရှေးဆုံးကပင်
လေဘေးတွင်ရင်ဆိုင်ရဲလို့
ရေဘေးတွင် ကူပြိုင်နွှဲဖို့
ကြက်ခြေနီ လူငယ်ဖွဲ့
အသက်ပင်စွန့်ရဲ။
* စွန့်ရဲတဲ့ 'ကြက်ခြေနီ'
ရဲဇာနည်စိတ်ထား
စွမ်းအားထက်ပေသည်မို့
ထက်မြေမဟီ သည်ကမ္ဘာပေါ်မှာလ
'ကြက်ခြေနီ'ဆိုတာ
ကရုဏာစွမ်းအားရှင်များပါပဲ
ဆင်းရဲချမ်းသာအလွှာမရွေးပါဘု
စေတနာပြည့်ရိုပ်ခိုလို့
ပြည်သူကို တူညီစွာ ကူညီပါ့မယ်
'ဇွဲ'နဲ့လူသား။ ။

သူဇာနွယ် (ဖျာပုံ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့၏ အသိပညာပေးဟောပြောပွဲကို မေ ၆ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အကျဉ်းဦးစီးဌာနရှိ အောင်မင်္ဂလာခန်းမတွင်ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်ကြည်ကြည်မြ၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ပါမောက္ခ ဒေါ်ဌေးဌေးနှင့် လုပ်ငန်းအဖွဲ့ဝင်များ အင်းစိန်အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းအမျိုးသမီးမိသားစုဝင်များ တက်ရောက်ကြသည်။

လှူဒါန်း

အဆိုပါအခမ်းအနားတွင် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာကိုလည်းကောင်း၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ပါမောက္ခ ဒေါ်ဌေးဌေးက စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု အကြောင်းကိုလည်းကောင်း၊ အမျိုးသမီးငယ်ရွယ်အဖွဲ့ဝင်များဖြစ်သော ဒေါက်တာမော်လီချစ်က HIV/AIDS ရောဂါအကြောင်း သိကောင်းစရာများနှင့် ဒေါ်မြတ်မြတ်ကျော်က အမျိုးသမီးများဘဝလုံခြုံရေးနှင့် ကာကွယ်စောင့် ရှောက်ရေးအကြောင်းသိကောင်းစရာများကိုလည်းကောင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူး ဒုရဲမှူး ဥမ္မာရင်မိက လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးဟောပြောကြသည်။ ထို့နောက် အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က အင်းစိန် ဗဟိုအကျဉ်းထောင်ရှိအကျဉ်းသူများအတွက်အဝတ်အထည်များ၊ ငွေကျပ် ၁၀၅၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများနှင့် ကလေးငယ်များအားဖြည့်စွက်အာဟာရနို့ဆန်ပြုတ်တိုက်ကျွေးရန်အတွက် ဆန်တစ်အိတ်ကို လှူဒါန်းခဲ့ပြီး ညနေ ၃ နာရီတွင် အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မြန်မာ-တောင်ကိုရီးယား ရုပ်ရှင်နှီးနှောဖလှယ်ပွဲ နှစ်နိုင်ငံ ရုပ်ရှင်အနုပညာအကြောင်းအရာများ ဆွေးနွေးကြမည်

ရန်ကုန် မေ ၈

မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်မားရေးအတွက် မြန်မာ-တောင်ကိုရီးယား ရုပ်ရှင်နှီးနှောဖလှယ်ပွဲကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှကြီးမှူးကာ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ မီကာဆာ ဟိုတယ်၌ မေ ၁၁ ရက် **(သောကြာနေ့)** မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးကြမည်

ထိုသို့ မြန်မာ-တောင်ကိုရီးယား ရုပ်ရှင်နှီးနှောဖလှယ်ပွဲတွင် တောင်ကိုရီးယားမှ ရုပ်ရှင်ပညာရှင်သုံးဦးနှင့် မြန်မာနိုင်ငံမှ ရုပ်ရှင်အနုပညာရှင်သုံးဦးတို့က ရုပ်ရှင်အနုပညာနှင့် ပတ်သက်သော အကြောင်းအရာများကို ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါနှီးနှောဖလှယ်ပွဲတွင် မြန်မာနိုင်ငံမှ ရုပ်ရှင်အနုပညာရှင်နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး တွဲဖက်အတွင်းရေးမှူး(၃) ဒေါ်ဆွေဇင်ထိုက်က **"မြန်မာ့ရုပ်ရှင်အကြောင်း တစေ့တစောင်း"** ခေါင်းစဉ်ဖြင့် ဆွေးနွေးမည်ဖြစ်ပြီး ရုပ်ရှင်သရုပ်ဆောင် လွင်မိုးက **"ယနေ့ မြန်မာ့ရုပ်ရှင်ထုတ်လုပ်မှုအခြေအနေ"** ကို ဆွေးနွေးကာ သရုပ်ဆောင် လူမင်းက **"အနုပညာသည်များ၏ အခန်းကဏ္ဍ"**ကို ဆွေးနွေးကြမည်ဖြစ်သည်။

ပြန်လည်ဖြေကြားကြမည်

ထို့အတူ တောင်ကိုရီးယားနိုင်ငံမှ ယွန်စီတက္ကသိုလ် ရုပ်ရှင်ဌာနမှူး ယောင်ဝုန်ဒုန်က **"လက်ရှိအောင်မြင်နေသော တောင်ကိုရီးယား ရုပ်ရှင်များ၏ သမိုင်းကြောင်း"**၊ တောင်ကိုရီးယားမှ ရုပ်ရှင်တည်းဖြတ်သူနှင့် ရုပ်ရှင်ဝေဖန်ရေးပညာရှင် ဘတ်ဗိုရောင်းက **"ကမ္ဘာ့ရုပ်ရှင်၏ ပြောင်းလဲလာသော ရိုက်ကူးမှုပုံစံ"**အကြောင်းကိုလည်းကောင်း၊ တောင်ကိုရီးယားနိုင်ငံ ဒုန်ရှင်းတက္ကသိုလ် ရုပ်ရှင်ဌာနပါမောက္ခ ကင်အေဂျာက **"ရုပ်ရှင်ထုတ်လုပ်မှုနှင့် ဈေးကွက်"** အကြောင်းကိုလည်းကောင်း ဆွေးနွေးကြမည်ဖြစ်ပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာသူများ၏ မေးမြန်းချက်များ ပြန်လည်ဖြေကြားပေးမည်ဖြစ်သည်။

ပထမအကြိမ်

ယခုကျင်းပမည့် မြန်မာ-တောင်ကိုရီးယား ရုပ်ရှင်နှီးနှောဖလှယ်ပွဲမှာ ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

လေ့လာရေးခရီးတစ်ထောက်မှ ပဲခူးတိုင်းအတွင်းရှိ စိန်သုံးလုံး တံမြက်စည်းလုပ်ငန်း စက်ပစ္စည်းအကူအညီမပါဘဲ လူ့လုပ်အားသက်သက်ဖြင့်သာ လုပ်ကိုင်ရသောလုပ်ငန်းဖြစ်

သတင်းမြင်ကွင်း – သန်းသန်းနုနှင့် အေးသန္တာသိန်း

ဓာတ်ပုံမှတ်တမ်း – တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မေ ၈

နိုင်ငံတော် အစိုးရသည် နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅) ရပ်ကို ချမှတ်ကာ ဖော်ဆောင်လျက်ရှိသည်။ ယင်းကဲ့သို့ အကောင်အထည်ဖော်ရာတွင် နိုင်ငံတစ်ဝန်းရှိ ကျေးလက်ဒေသများသည်လည်း ဒေသထုတ်ကုန်များ တိုးတက်ထုတ်လုပ်လျက်ရှိသည်။

တံမြက်စည်း

ဒေသထုတ်ကုန်များ တိုးတက်ထုတ်လုပ်လာစေရန်အတွက် ကျေးရွာတစ်ရွာ၊ ကုန်ထုတ်လုပ်ငန်းတစ်ခု၊ နိုင်ငံအကျိုးပြု စီမံချက်ကို လက်တွေ့လုပ်ဆောင်လျက်ရှိနေသော ပဲခူးတိုင်းရှိ ဒေသထုတ်ကုန်လုပ်ငန်းများအကြောင်းကို သတင်းစာဖတ် ပြည်သူများ သိရှိနိုင်စေရန် မြန်မာ့အလင်းသတင်းအဖွဲ့သည် မေ ၄ ရက်က အမှတ် ၁၅၂ ဗထူးလမ်း ၆ ရပ်ကွက် ဉသျှောင်မြို့သစ်ရှိ စိန်သုံးလုံး တံမြက်စည်း လုပ်ငန်းသို့ ကွင်းဆင်းလေ့လာ စေ့စပ်ခဲ့ကြသည်။

လုပ်ဆောင်

ညဦးကတည်းက ရွာသွန်းနေသော မိုးမှာမစဲသေးဘဲ သည်းထန်စွာ ရွာသွန်းလိုက်၍ စိန်သုံးလုံး တံမြက်စည်း လုပ်ငန်းသို့ အရောက်တွင် မြန်မာ့အလင်းသတင်းအဖွဲ့ မိုးရေတို့ဖြင့် စိုရွှဲနေကြပြီ ဖြစ်သည်။ ပြင်ပတွင် မိုးသည်းထန်စွာ ရွာသွန်းနေသော်လည်း အလုပ်ရုံအတွင်း၌ ဟိုတစ်စု၊ သည်တစ်စုဖြင့် တံမြက်စည်းကိုင်းရှင်းသူက ရှင်း၊ ရိုးတံတပ်သူက တပ်၊ ခေါင်ဆက် သူက ဆက်ဖြင့် လူတိုင်းလူတိုင်း အလုပ်ကိုယ်စီ လုပ်ဆောင်နေကြသည်ကို တွေ့ရသည်။ အသင့်လုပ်ပြီးသား တံမြက်စည်းမျိုးစုံကို တွေ့ရသည်။

နတ်မြားပင်

တံမြက်စည်းပြုလုပ်ရာတွင် အသုံးပြုသည့်အပင်မှာ နတ်မြားပင်ဖြစ်သည်။ ဒေသခံများက အလွယ်ပင် တံမြက်စည်းပင် ဟုပင်ခေါ်ကြပြီး တံမြက်စည်းပြုလုပ်ရာတွင် နတ်မြားပင်မှ ပွင့်သောပွင့်တံများနှင့် ကိုင်းများကို အဓိကအသုံးပြုကြရသည်။ နတ်မြားပင်၏ ပုံသဏ္ဌာန်မှာ ကျူပင်နှင့် တူသည်။ စိန်သုံးလုံး တံမြက်စည်းလုပ်ငန်းတွင် အသုံးပြုသော တံမြက်စည်းပင်များမှာ ပဲခူးမြို့အနီးရှိ တော၊ တောင်များမှ ရရှိကြောင်း၊ ပွင့်လင်းရာသီ၌ တော၊ တောင်များဝန်းကျင်တွင် နေထိုင်သူများသည် တော၊ တောင်များ အတွင်းသို့ ဝင်ရောက်ကာ တံမြက်စည်းပင်များကို ချိုးယူသူက ချိုးယူ၊ ခုတ်လှဲသူက ခုတ်လှဲဖြင့် တံမြက်စည်းကိုင်းများကို ရယူကြကြောင်း၊ ယင်းတံမြက်စည်းကိုင်းများကို နေပူပူတွင် အခြောက်လှမ်း၍ တံမြက်စည်း လုပ်ငန်းလုပ်ကိုင်ကြသူများထံ ၃၂ လက်မ အထုံးများစည်းကာ လာရောက် ရောင်းချကြကြောင်း၊ တစ်ခါတစ်ရံ တောထဲသို့ ကိုယ်တိုင် ဆင်းဝယ်ရသည်မျိုးလည်း ရှိကြောင်း၊ တံမြက်စည်းလုပ်ငန်း လုပ်ကိုင်ရာ၌ စက်ပစ္စည်း အကူအညီမပါဘဲ လူ့လုပ်အားသက်သက်ဖြင့်သာ လုပ်ဆောင်ရသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း စိန်သုံးလုံးတံမြက်စည်းလုပ်ငန်းမှ လုပ်ငန်းရှင် ဦးစိန်ဝင်းက မြန်မာ့အလင်းသတင်းအဖွဲ့သို့ ပြောပြသည်။

အမှုန်ခြွေ

အလုပ်ရုံအတွင်းသို့ လေ့လာကြည့်ရာ တံမြက်စည်းတစ်လက်လုပ်ကိုင်ရာတွင် ပထမဆုံး တံမြက်စည်းကိုင်းများတွင် ကပ်ငြိနေသောအမှုန်များ ကင်းစင်ရန်အတွက် အမှုန်ခြွေခြင်း လုပ်ငန်းကို လုပ်ဆောင်နေသော မိန်းကလေးများကို တွေ့ရသည်။

လုပ်ငန်းအခေါ်

ရှင်းလင်းပြီးသား တံမြက်စည်းကိုင်းများကို အစည်းလေးများဖြစ်အောင် စည်းနေကြသော အဖွဲ့တစ်ဖွဲ့မှာလည်း တက်ကြွစွာ လုပ်ကိုင်နေကြသည်။ အစည်းလေးများ ပြုလုပ်ရာတွင် တစ်စည်း၌ တံမြက်စည်းပင် အကြီး၊ အသေးပေါ် မူတည်၍ လုပ်ကိုင်ရကြောင်း၊ တချို့ တံမြက်စည်းပင်များမှာ လွန်စွာသေးငယ်ကြောင်း၊ ပျမ်းမျှအားဖြင့် အစည်း တစ်စည်းလျှင် လေးပင်မှ ခြောက်ပင်အကြား အသုံးပြုရကြောင်း၊ ထိုသို့ ပြုလုပ်ခြင်းကို လုပ်ငန်းအခေါ် အရ ဆဲလ်လုံး လုံးသည်ဟုခေါ်ကြောင်း သိရသည်။

ကျစ်လျစ်ခိုင်မာရန်

ပြုလုပ်ပြီးသား အစည်းလေးများအား ခြောက်လုံးတစ်စည်း စုကာ ခေါင်ချုပ်ပြီး တံမြက်စည်းရိုးတံတပ်နေကြသူများမှာ အမျိုးသားများ ဖြစ်ကြသည်။ ရိုးတံတပ်ရာတွင်ကျစ်လျစ်ခိုင်မာစေရန်အတွက် အတွင်းပိုင်းကို ပလတ်စတစ်ကြီးများဖြင့် ခိုင်ခံ့စွာ ချည်နှောင်ကြရသည်။ တစ်ခါတစ်ရံ ကြိမ်ကြိုးများကိုလည်း အသုံးပြုကြောင်း ကြားသိရသည်။ ပြီးသည်နှင့် အလိုရှိသည့်အရွယ်အစားကို တိုင်းတာ၍ ပိုထွက်နေသော ရိုးတံများကို ဖြတ်ထုတ်လိုက်သည်နှင့် အကြမ်းထည် တံမြက်စည်းတစ်လက် ရရှိနိုင်ပြီ ဖြစ်သည်။

ရိုးတံတပ်ရာတွင် တံမြက်စည်းပင်မှ ရရှိသော ရိုးတံများကိုသာ အသုံးပြုသည်မဟုတ်ဘဲ ဝါး၊ သစ်သားနှင့် ကော်ရိုးတံများကိုလည်း အသုံးပြုကြပြီး သေသပ်လှပမှုရှိစေရန်အတွက် ရိုးတံများပေါ်မှ ရောင်စုံပလတ်စတစ် အလုကြီးများဖြင့်ဖုံးအုပ်ကာ အလှဆင်ပေးခြင်းကို ဆောင်ရွက်ကြရသည်။

ခိုင်ခံ့လှပ

နောက်ဆုံး အဆင့်အနေဖြင့် တံမြက်စည်းရိုးတံများ ကျွတ်ထွက်ခြင်း မရှိစေရန် လည်းကောင်း၊ ကြာရှည်ခိုင်ခံ့စွာ အသုံးပြုနိုင်ရန်အတွက် လည်းကောင်း ရောင်စုံနိုင်လွန်ကြိုးများ၊ ပလတ်စတစ်အလုကြီးများအသုံးပြုကာ ပန်းခုံချုပ်ခြင်း လုပ်ငန်းကို ဆောင်ရွက်ပြီးသည်နှင့် ခိုင်ခံ့လှပသော တံမြက်စည်းတစ်လက် ရရှိလာပြီ ဖြစ်သည်။ စိန်သုံးလုံး တံမြက်စည်း လုပ်ငန်းအနေဖြင့် ရိုးရိုး တံမြက်စည်းများ ထုတ်လုပ်ခြင်းသာမက ခေတ်နှင့်အညီ အသုံးပြုနိုင်ရန်အတွက် ကော်ပုံစံခွက်များနှင့် ပြုလုပ်ထားသော တံမြက်စည်းများကိုလည်း ထုတ်လုပ်ရောင်းချလျက်ရှိသည်။

ပုံစံတူ

ထုတ်လုပ်လိုက်သည့် တံမြက်စည်း ပုံစံများမှာ တစ်ခုနှင့်တစ်ခု မတူဘဲ ပုံစံကွဲပြားလျက်ရှိကြောင်း၊ ဝယ်ယူသူများ စိတ်ကြိုက်ပုံစံများအပေါ် မူတည်၍ ပြုလုပ်ပေးရကြောင်း၊ တစ်ခါတစ်ရံ ဝယ်ယူသူများက ပုံစံပေး၍ ပုံစံတူထုတ်လုပ်ပေးရသည်လည်း ရှိကြောင်း၊ ယခု နောက်ပိုင်းတွင် မြို့များ၌ ရိုးရိုးတံမြက်စည်းများထက် ကော်ပုံစံခွက်များဖြင့် ပြုလုပ်ထားသော တံမြက်စည်းများကို ပိုမိုနှစ်ခြိုက်ကြကြောင်းလည်း သိရသည်။

စိန်သုံးလုံး တံမြက်စည်းလုပ်ငန်းမှ ထွက်ရှိလာသော တံမြက်စည်းများကို ပဲခူးတိုင်းအတွင်း ဖြန့်ဖြူးရောင်းချသည့်အပြင် ရန်ကုန်တိုင်းရှိ မြို့နယ်များသို့လည်း တင်ပို့ဖြန့်ဖြူး ရောင်းချလျက်ရှိသည်။ မိမိနေထိုင်ရာ ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် မရှိမဖြစ်လိုအပ်သည့် လူသုံးကုန်ပစ္စည်းများတွင် တစ်ခု အပါအဝင်ဖြစ်သော ပဲခူးတိုင်းမှ ထွက်ကုန်တစ်မျိုးဖြစ်သည့် စိန်သုံးလုံး တံမြက်စည်းလုပ်ငန်းအကြောင်းကို ကွင်းဆင်းလေ့လာမှတ်တမ်းပြုရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ရိုးတံတပ်ရာတွင် ကျစ်လျစ်ခိုင်မာစေရန် ပလတ်စတစ်ကြိုးများဖြင့် ခိုင်ခံ့စွာ ချည်နှောင်နေသည်မှာလည်း မြန်ဆန်လှသည်။

ရိုးရိုးတံမြက်စည်းများ ထုတ်လုပ်ခြင်းသာမက ခေတ်နှင့်အညီ အသုံးပြုနိုင်ရန် ကော်ပုံစံခွက်များနှင့် ပြုလုပ်ထားသော တံမြက်စည်းများလည်း ထုတ်လုပ်ရောင်းချ။

မြို့များ၌ ရိုးရိုးတံမြက်စည်းများထက် ကော်ပုံစံခွက်များဖြင့် ပြုလုပ်ထားသော တံမြက်စည်းများကို ပိုမိုနှစ်ခြိုက်ကြ။

စိန်သုံးလုံး တံမြက်စည်း လုပ်ငန်းခွင်ကို ဤသို့တွေ့ရသည်။

စိန်သုံးလုံး တံမြက်စည်းလုပ်ငန်းမှ သေသပ်လှပသော တံမြက်စည်းများကို ဤသို့ တွေ့ရသည်။

တံမြက်စည်း ရိုးတံများ ကျွတ်ထွက်ခြင်း မရှိစေရန် ပလတ်စတစ် အလုကြီးများဖြင့် ပန်းခုံချုပ်လုပ်ခြင်း လုပ်ငန်းကလည်း ခိုင်ခံ့လှပအောင် ချုပ်လုပ်ရသည်။

တံမြက်စည်းကိုင်းများကို ဆဲလ်လုံးလေးများဖြစ်အောင် စည်းနေသည်မှာ သေသပ်လှသည်။

ကျေးရွာတစ်ရွာ၊ ကုန်ထုတ်လုပ်ငန်းတစ်ခု၊ နိုင်ငံအကျိုးပြု၊

*** ရှေ့ဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်စား ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဖွင့် အမှာစကား ပြောကြားရာ၌ ယနေ့အချိန်အခါတွင် ပညာရေးကဏ္ဍအနေဖြင့် အမျိုးသား ပညာရည်မြင့်မားရေးဆိုသည့် အမျိုးသားရေးဦးတည်ချက်နှင့်တကွ အစဉ်လေ့လာသင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သော ပညာရေးစနစ်တစ်ရပ် ဖြစ်ထွန်းလာရေးဆိုသည့် မြန်မာ့ပညာရေးမျှော်မှန်းချက်တို့ကို ချမှတ်ပြီး ပညာရေးပြုပြင်ပြောင်းလဲမှုအစီအမံများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ မွန်မြတ်မြင့်မားပြီး အလွန်ကျယ်ဝန်းနက်ရှိုင်းသည့် မျှော်မှန်းချက်များ ချမှတ်ကာ စီမံဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော် အကြီးအကဲ၏ အမြော်အမြင်ကြီးမားသည့် လမ်းညွှန်မှုများ၊ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးအကျိုးစီးပွားအခြေခံသည့် ပညာရေးဆိုင်ရာ မူဝါဒများ၏ လမ်းညွှန်ထိန်းကျောင်းမှုအောက်တွင် ပညာရေးကဏ္ဍမှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ ဆရာ ဆရာမများကိုယ်တိုင် နှစ်စဉ်ဆွေးနွေး နှီးနှောဖလှယ်ပြီးမှ အလွန်အခြေခံခိုင်ခံ့သည့် ပညာရေးစီမံကိန်းများ၊ စီမံချက်များ၊ လုပ်ငန်းစဉ်များကို လက်တွေ့ကျကျ အဆင့်ဆင့်ချမှတ်ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း။

တစိုက်မတ်မတ်ဖော်ဆောင်

တပ်မတော်အစိုးရ နိုင်ငံတော်၏ တာဝန်ယူခဲ့ရပြီးနောက်တွင်ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်း ဒေသများအားလုံး၌ ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ ညီညီမျှမျှ တိုးမြှင့်လွှမ်းခြုံပေးနိုင်စေရန် ဒေသတွင်း၌ပင် အဆင့်မြင့်ပညာ ဆက်လက်သင်ယူနိုင်သည့် အခွင့်အလမ်းများ ပေါ်ထွန်းလာစေရန် တစ်နိုင်ငံလုံး၌ သင်ကြားမှု၊ သင်ယူမှု၊ အရည်အသွေး တစ်ပြေးညီရရှိနိုင်စေမည့်ပညာရေးဆိုင်ရာအခြေခံအဆောက်အအုံများ၊ ပညာရေးပတ်ဝန်းကျင်ကောင်းများ တည်ဆောက်ပေးနိုင်စေရန် အတွက် အမျိုးသားပညာရည် မြင့်မားရေး စီမံကိန်းအဆင့်ဆင့်ကို ဆင့်ကဲဆင့်ကဲချမှတ်ပြီး တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

ထိုကဲ့သို့ရည်မှန်းချက်ရှိရှိအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံနှင့်အဝန်း၌ သင်ကြားမှု၊ သင်ယူမှု အခွင့်အလမ်းများ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ကြက် ဖြစ်ထွန်းနေပြီဖြစ်သည့် အခြေအနေတွင် အရေအတွက်ပိုင်းထက် အရည်အသွေးပိုင်းကို အလေးပေး ဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်သောကြောင့်ပညာရေးအရည်အသွေးမြှင့်တင်ရေးအပိုင်းကို ဦးစားပေးဆောင်ရွက်သွားကြရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့ခြင်းဖြစ်ကြောင်း။

အမြဲမပြတ်သတိချပ်

ထိုပညာရည် အရည်အသွေး မြင့်မားရေး လုပ်ငန်းတာဝန်သည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့်အလျောက် နိုင်ငံတော်အစိုးရ၏ ပညာရေးဆိုင်ရာ မူဝါဒ၊ လုပ်ငန်းစဉ်တစ်ခုအဖြစ် ခံယူကြရမည်ဖြစ်ကြောင်း၊ ကြီးလေးသည့် လုပ်ငန်းတာဝန်ကြီးကို နိုင်ငံတော်က မိမိတို့အပေါ် ယုံကြည်အားထားစွာ အပ်နှင်းလိုက်ခြင်းလည်းဖြစ်သည့်အတွက် မိမိတို့အနေဖြင့် နိုင်ငံတော်က သီးသီးသန့်သန့် အပ်နှင်းလိုက်သည့် Mission တစ်ရပ်၊ လုပ်ငန်းတာဝန်တစ်ရပ်ရှိသည်ဆိုခြင်းကို အမြဲမပြတ် သတိချပ်ပြီး ရည်မှန်းချက်ပြည့်မြောက်သည်အထိ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

အခြေခံပညာကဏ္ဍတွင် ပညာရည်အရည်အသွေးမြှင့်တင်ရေး အစီအမံများ ဆောင်ရွက်နေသည့်နည်းတူ အဆင့်မြင့်ပညာကဏ္ဍတွင်လည်း စီမံဆောင်ရွက်နေပြီဖြစ်သည့်အတွက် မိမိတို့၏ တပည့် ကျောင်းသား ကျောင်းသူ လူငယ်များကို အမှန်တကယ် ပညာရည်မြင့်မားပြီး အဆင့်မြင့်ပညာကဏ္ဍတွင် အလိုက်သင့် ချိတ်ဆက်သင်ယူနိုင်စေရေးအတွက် ဝါယမစိုက်ထုတ်ပြီး လေ့ကျင့်ပျိုးထောင်ပေးကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

လေ့ကျင့်ပေး

ကျောင်းသား ကျောင်းသူတစ်ဦးချင်း၏ ဝါသနာ၊ ဗီဇ၊ ကိုယ်ရည်ကိုယ်သွေး၊ အားထုတ်ကြိုးစားမှုများနှင့် အလားအလာတို့ကို ဖော်ထုတ်ပြီး သန်ရာသန်ရာ ပညာရပ်အလိုက် အစွမ်းကုန် ဖွံ့ဖြိုးတိုးတက်နိုင်စေရေးအတွက် ဆရာ ဆရာမများကိုယ်တိုင်က ကျောင်းသား ကျောင်းသူ တစ်ဦးချင်းစီကို စေတနာထား လေ့လာဆန်းစစ်သွန်သင် လေ့ကျင့်ပေးကြရန် လိုအပ်ကြောင်း၊ တစ်ဦးချင်းစီ၏ ကျွမ်းကျင်မှု၊ အားထုတ်မှု၊ သင်ယူလေ့လာနိုင်မှု စွမ်းအားကောင်းများကို မြှင့်တင်ပေးပြီး ထိုအရည်အသွေးကောင်းများကို ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ပညာရေးဆိုင်ရာ ကွန်ရက်စနစ်များ၏ စွမ်းအားနှင့် ပိုမိုမြင့်မားထက်မြက်သည့် စွမ်းရည်များဖြစ်လာစေရန် ကျောင်းသား ကျောင်းသူများကိုယ်တိုင်က အားထုတ်လုပ်ဆောင်နိုင်စေမည့် အခွင့်အလမ်းများကို ဆရာ ဆရာမတို့က ဖန်တီးပေးကြရမည်ဖြစ်ကြောင်း။

နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများအပြင် ခေတ်မီသင်ကြားမှု၊ သင်ယူမှုနည်းပညာသစ်များ၊ ခေတ်မီ အီလက်ထရွန်နစ် သင်ထောက်ကူပစ္စည်းများ၊ ကွန်ရက်များကို အသုံးပြု လေ့လာသင်ယူနိုင်စေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးပါမှ အမှန်တကယ် အဆင့်အတန်းမြင့်မားသည့် ပညာရည် အရည်အသွေးကို ပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း။

စေတနာရှေ့ထား

ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ တပည့် ကျောင်းသား ကျောင်းသူ လူငယ်များ၏ ဘဝရှေ့ရေး မျှော်မှန်းချက်များ၊ လိုလားချက်များ၊ တန်ဖိုးထားမှုများ၊ အလားအလာများကို သိမြင်ပြီး နိုင်ငံ့လိုအပ်ချက်များနှင့် သဟဇာတဖြစ်ရေး ပေါင်းစည်းပေးရင်း နိုင်ငံ့အကျိုးပြု အဖိုးတန် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာစေရန် အဆင့်မြင့်ပညာကဏ္ဍကို အောင်အောင်မြင်မြင် ကျော်ဖြတ်နိုင်ပြီး ပညာရည် အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရေးအတွက် စေတနာရှေ့ထား လေ့ကျင့်ပျိုးထောင်ပေးကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့်အဖွဲ့ဝင်များသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

အဆိုပါ အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၇)သို့ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့မှ ဆရာ ဆရာမ၊ သင်တန်းသား သင်တန်းသူ ၉၄၃ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်မည် ဖြစ်သည်။

(သတင်းစဉ်)

ကမ္ဘာ့ ကြက်ခြေနီနေ့ ၂၀၀၇ အထိမ်းအမှတ်အခမ်းအနားကျင်းပ တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်း တက်ရောက် အားပေးချီးမြှင့်

ရန်ကုန် မေ ၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းသည် ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) သင်တန်းခန်းမ၌ မြန်မာနိုင်ငံကြက်ခြေနီအသင်းက ကြီးမှူး၍ “လူမှုကရုဏာ စာနာရေး၊ ဝိုင်းဝန်းလက်တွဲဖော်ဆောင်ပေး**”ဆောင်ပုဒ် (Together for Humanity)နှင့်အညီ ကျင်းပသည့် ကမ္ဘာ့ကြက်ခြေနီနေ့ ၂၀၀၇ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက် အားပေးချီးမြှင့်သည်။**

မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသာလှရွှေ ကမ္ဘာ့ကြက်ခြေနီနေ့ ၂၀၀၇ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများ၊ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဗဟိုကောင်စီဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့မှ ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့် တိုင်း ကြက်ခြေနီအသင်း ကြီးကြပ်မှုကော်မတီဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ထူးချွန်ကြက်ခြေနီများနှင့် ပြည်နယ်နှင့် တိုင်းများမှ သူနာပြုစွမ်းရည်ပြိုင်ပွဲနှင့် စစ်ရေးပြပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

သဝဏ်လွှာဖတ်ကြား

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံမှ ကမ္ဘာ့ကြက်ခြေနီနေ့ ၂၀၀၇ အထိမ်းအမှတ် အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသာလှရွှေက ဖတ်ကြားသည်။

အမှာစကား

ဆက်လက်၍မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသာလှရွှေက အမှာစကားပြောကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီဥက္ကဋ္ဌနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းဥက္ကဋ္ဌတို့ ပူးတွဲထုတ်ပြန်သော သဝဏ်လွှာကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Ms. Bridget Gardner က ဖတ်ကြားပြီး အခမ်းအနားကို ခေတ္တရပ်နားသည်။

ဆုချီးမြှင့်

ထို့နောက် အခမ်းအနားကို နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ချီးမြှင့်သော ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်ရရှိကြသူများ၊ ထူးချွန်ဆုရရှိကြသူများ၊ ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် သူနာပြုစွမ်းရည်နှင့် စစ်ရေးပြပြိုင်ပွဲတို့တွင်ဆုရရှိကြသူများနှင့်သူနာပြုစွမ်းရည် တံခွန်စိုက်ဒိုင်းရရှိသော ရန်ကုန်တိုင်း(ခ)အသင်း၊ စစ်ရေးပြ တံခွန်စိုက်ဒိုင်းရရှိသော ရန်ကုန်တိုင်း(ဂ)အသင်းနှင့် တံခွန်စိုက်အလံ ရရှိသော ရန်ကုန်တိုင်း(ခ) အသင်းတို့အား မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသာလှရွှေ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Ms.Bridget Gardner နှင့် တာဝန်ရှိသူများက ဆုများကို ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၉-၅-၂၀၀၇ ရက်
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၀ ၆။ အဆိုပြိုင်ပွဲ
- ၈:၁၅ ၇။ ဗိုလ်မြတ်ထွန်းတံတား
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Happy and Educational English Summer Course MRTV
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သချာ်၊ ဓာတုဗေဒ၊ ရူပဗေဒ၊ စီးပွားရေးပညာ၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ အထူးပြုများ) [သချာ်]
- ၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၆:၅၅ ၅။ သီချင်းကြီးပဒေသာ
- ၁၇:၀၅ ၆။ လူမှုကရုဏာစာနာရေး ဝိုင်းဝန်းလက်တွဲဖော်ဆောင်ပေး
- ၁၇:၂၀ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၇:၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၁၈:၀၀ ၉။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၁။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၁၉:၀၀ ၁၂။ Discovery
- ၁၉:၂၀ ၁၃။ **ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ** (လွင်မိုး၊ မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ လှအဥ္ဇလီတင့်၊ ကြည်လဲ့လဲ့ဦး၊ ဝွမ်းပုံ)
- ၁၉:၃၀ ၁၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (လက်ခတ်သံတည့်တည့် စံပြကျေးရွာ ကော့ပရံ)
- ၁၉:၃၅ ၁၅။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၁၉:၅၀ ၁၆။ တူပြိုင်ယှဉ်နွှဲ ASEAN New Media Art Competition 2006 ပြိုင်ပွဲ
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **ကင်ပွန်းတပ်ပွဲ** (နိုင်းနိုင်း၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-မောင်မောင်ဦး-စနိုးဗိုက်)
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

စမ်းချောင်းလမ်း တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၈

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ် ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာအကျင့်မြတ် အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းနည်းပြ ဆရာ ဦးကျော်နိုင်ထွန်းက မေ ၁၅ ရက်မှ ၂၄ ရက်အထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၉ ဒုတိယထပ်တွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီထိ နေ့စဉ် ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

သြဝါဒခံယူပွဲနှင့် စာအောင်ဆုနှင်းသဘင်ကျင်းပ

ရန်ကုန် မေ ၈

ရွှေတိဂုံစေတီတော်(စနေထောင့်) ရွှေတောင် ငွေတောင် တန်ဆောင်း နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်၏ (၃၂)ကြိမ်မြောက် သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ သြဝါဒခံယူပွဲ၊ (၂၄)ကြိမ်မြောက် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာအောင်ဆုနှင်းပွဲ၊ (၆)ကြိမ်မြောက် အသက်(၇၅)နှစ်အထက် အသင်းဝင်ပုဂ္ဂိုလ်များအား သက်ကြီးပူဇော်ပွဲ နှင့် အဖွဲ့ချုပ်၏ (၃၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို မေ ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှစတင်၍ ရန်ကင်းမြို့နယ် ဘောက်ထော် မာလာမြိုင်လမ်းရှိ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံကြီးတွင် ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

အဘိဓမ္မာသင်တန်း ဝိုင်အမ်ဘီအေအသင်းကြီး၌ ဖွင့်မည်

ရန်ကုန် မေ ၈

YMBA အသင်းကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၃၈)ကြိမ်မြောက် အဘိဓမ္မာသင်တန်း အောင်လက်မှတ်ပေးအပ်ပွဲနှင့် (၃၉)ကြိမ်မြောက် အဘိဓမ္မာသင်တန်း ဖွင့်လှစ်ပွဲကို ၁၃၆၉ ခုနှစ် ကဆုန်လပြည့်ကျော် ၁၂ ရက် မေ ၁၂ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် YMBAအသင်း အမှတ်(၇၇) ရေကျော်လမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

ပြင်ဆင်ဖတ်ရှုပါရန်

မေ ၈ ရက် သတင်းစာပါ မိတ္ထီလာမြို့နယ်မှ ပါတီဝင်(၂၀) စုပေါင်းနုတ်ထွက် သတင်းတွင် မိတ္ထီလာမြို့နယ် အောင်ဇေယျာကျေးရွာ၊ နန်းတော်ကုန်းကျေးရွာနှင့် သီရိမင်္ဂလာကျေးရွာ (အစား) အောင်ဇေယျာရပ်ကွက်၊ နန်းတော်ကုန်းရပ်ကွက်နှင့် သီရိမင်္ဂလာရပ်ကွက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(သတင်းစဉ်)

9-5 (08) 1 5/8/07, 12:43 PM

● **ကျောဖုံးမှ**

ထုတ်ပေးနိုင်ရေးအတွက် လုပ်ရှားမှုတစ်ရပ်အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် ပြည်နယ်ဦးစီးဌာနမှူး ဦးသန်းထွန်းနှင့်သထုံခရိုင်ဦးစီးဌာနမှူး ဦးသိန်းဝင်းတို့က သထုံခရိုင်အတွင်း နိုင်ငံသား စိစစ်ရေးကတ်ပြားများ ထုတ်ပေးနေမှုနှင့်ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ကျောင်းခန်းမအတွင်း၌ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ စိစစ်ဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားပြီး ပြည်နယ်ဦးစီးဌာနမှူး ဦးသန်းထွန်းက စိစစ်လက်မှတ်ရေးထိုးပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား သက်ဆိုင်ရာ ပြည်သူများထံ ပေးအပ်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့သို့ ရောက်ရှိကြပြီး မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမ၌ ကျင်းပသည့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးလုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

အခမ်းအနားသို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်း၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်များ စုပေါင်း၍ ချစ်ကြည်ရင်းနှီးစွာအတူတကွ နေထိုင်ကြသည့် နိုင်ငံဖြစ်ကြောင်း၊ ယင်းတိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်အဆင့်တွင် အဖွဲ့ဝင်ငါးဦးပါဝင်သည့် နိုင်ငံသားကတ်ပြားထုတ်ပေးရေးလုပ်ငန်း စိစစ်ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းကာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းအဖွဲ့ဝင်များအပြင် လူမှုရေးအသင်းအဖွဲ့များကလည်း တက်ညီလက်ညီ ပူးပေါင်း၍ လူထုလှုပ်ရှားမှုအသွင်ဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် လိုအပ်သော စာရွက်စာတမ်းများ၊ ဆောင်ရွက်ပုံ လုပ်ငန်းအဆင့်ဆင့်တို့နှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများ၏ သိလိုသည့်မေးမြန်းချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ခန်းမအတွင်း၌ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပုံ နည်းလမ်းအဆင့်ဆင့်သရုပ်ပြရှင်းလင်း ပြသနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်း လိုက်ပါလျက် မေ ၇ ရက်နံနက်က မော်လမြိုင်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မွန်ပြည်နယ်ဦးစီးဌာနမှူးရုံးသို့ သွားရောက်၍ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြားကာ ပြည်နယ်ဦးစီးဌာနမှူး ဦးသန်းထွန်းက စိစစ်လက်မှတ်ရေးထိုးပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများအား သက်ဆိုင်ရာပြည်သူများထံပေးအပ်နေမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ကရင်ပြည်နယ် ဘားအံမြို့သို့ရောက်ရှိပြီး ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေး လုပ်ငန်းဆိုင်ရာရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက နိုင်ငံသားစိစစ်ရေး ကတ်ပြား စိစစ်ထုတ်ပေးနိုင်ရေးနှင့် လုပ်ငန်းများ စနစ်တကျဖြင့် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအခြေအနေများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား စိစစ်ထုတ်ပေးဆောင်ရွက်မှု လုပ်ငန်းအဆင့်ဆင့်နှင့်လုပ်ငန်းဆိုင်ရာသိကောင်းစရာများကို အသေးစိတ် ရှင်းလင်းဆွေးနွေးပြောကြားသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ခန်းမအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာထုတ်ပေးနိုင်ရေး အတွက် လုပ်ငန်းအဆင့်ဆင့်သရုပ်ပြဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံးသို့သွားရောက်၍ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် လှုပ်ရှားမှုတစ်ရပ်အနေဖြင့်ဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဝန်ကြီးသည် စိစစ်လက်မှတ်ရေးထိုးပြီးဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ပြည်နယ်ဦးစီးဌာနမှူးဦးကြည်လင်က သက်ဆိုင်ရာ ပြည်သူများထံ ပေးအပ်နေမှုကို ကြည့်ရှုအားပေးသည်။

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဘားအံမြို့မှ ပြန်လည် ထွက်ခွာလာကြပြီးနောက် မွန်ပြည်နယ်ဘီးလင်းမြို့နှင့် ကျိုက်ထိုမြို့များ၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံးများက ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် လှုပ်ရှားမှုတစ်ရပ်အနေဖြင့် ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထုတ်ပေးနိုင်ခဲ့

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသည် နိုင်ငံတစ်ဝန်းနိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် လှုပ်ရှားမှုတစ်ရပ်အနေဖြင့် ဧပြီလမှစတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မေ ၆ ရက်တွင် မွန်ပြည်နယ် သထုံမြို့နယ်၌ ဒေသခံပြည်သူ၄၅၂ဦး၊ မေ၇ရက်တွင် မော်လမြိုင်မြို့နယ်၌ ၄၄၀ဦး၊ ဘီးလင်းမြို့နယ်၌ ၃၄၅ဦး၊ ကျိုက်ထိုမြို့နယ်၌ ၃၂၇ဦးနှင့် ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ၆၁၇ဦးတို့အား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ စိစစ်ထုတ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၈

နိုင်ငံတော်က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသည့် ရန်ကုန်တိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့ သဒ္ဓမ္မဇောတိကာရုံစာသင်တိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက သာသနဓဇ သိရီပဝရ ဆဋ္ဌသံဃယနာ သာသနာပြုသုံးဘွဲ့ရ၊ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သြဝါဒါစရိယ ဂုရုနှစ်ဖြာ နေ့ညဉ့်မပြတ်ဆောင်ရွက်လျက်ရှိသော ဘဒ္ဒန္တ ဉာဏဝံသ သက်တော်ရှည်ဆရာတော်ကြီးအား တိုက်ကြီးမြို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်လုံးရှိ ရဟန်းရှင်လူ တပည့်ဒကာ ဒကာမအပေါင်းတို့က ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို (၁၃၆၉ခုနှစ်၊နယုန်လဆန်း၁၂ရက်) မေ ၂၇ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်၍ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးနှိုးဆော်ထားရာ ဂုဏ်ပြုပူဇော်ပွဲ အကျိုးတော်ဆောင်အဖွဲ့ ဖုန်း၀၅၅-၂၀၀၃၈ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ စစ်မှုထမ်းဟောင်းအဆင့်မြင့် စည်းရုံးရေးသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၈

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် စစ်မှုထမ်းဟောင်း အဆင့်မြင့် စည်းရုံးရေးသင်တန်းအမှတ်စဉ် (၁၁/၂၀၀၇)ဖွင့်ပွဲအခမ်းအနားကို မေ ၇ရက် နံနက် ၈နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ စစ်မှုထမ်းဟောင်းလေ့ကျင့်ရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ကြည်မင်း (ငြိမ်း) နှင့် ဗဟိုစည်းရုံးရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ်ရုံးမှ ဌာနချုပ်မှူးနှင့်ဌာနမှူးများ၊ တိုင်းကြီးကြပ်ရေးကော်မတီဝင်များ၊ သင်တန်းကျောင်းအုပ်ကြီးနှင့် နည်းပြများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ကြည်မင်း(ငြိမ်း)က သင်တန်းဖွင့်အမှာစကား ပြောကြားရာတွင် **(အပေါ်ပုံ)** မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကြီးကို ကိုယ်ပိုင်ဂုဏ်ဒြပ်၊ကိုယ်ပိုင်စွမ်းအင်ဖြင့် ပြည်သူလူထု ယုံကြည်လေးစားမှုခံရသည့် အဖွဲ့အစည်းဖြစ်စေရန်နှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ ယုံကြည်ချက်၊ ခံယူချက် ပြည့်ဝစေရေးအတွက် ပြည်နယ်နှင့်တိုင်းအလိုက် စစ်မှုထမ်းဟောင်း သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

သင်တန်းဖွင့်လှစ်

ယနေ့တွင် ရန်ကုန်၊ မန္တလေး၊ မကွေးမြို့များတွင်ရှိသည့် စစ်မှုထမ်းဟောင်း သင်တန်းကျောင်းများ၌ အဆင့်မြင့်စည်းရုံးရေးသင်တန်း အမှတ်စဉ်(၁၁/၂၀၀၇)ကို တစ်ချိန်တည်း ဖွင့်လှစ်လျက်ရှိကြောင်း။

ရှင်သန်နိုးကြားလာစေရန်

ဤသင်တန်းတွင် အမျိုးသားနိုင်ငံရေးလမ်းစဉ်ကို အလေးအနက်နားလည် ယုံကြည်ခံယူသွားရန် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးစွမ်းအား (သုံး)ရပ် တည်ဆောက်ရခြင်းအကြောင်းများကို သိမြင်ရန်နှင့် နိုင်ငံတော် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသည့် နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု သတ်မှတ်ဆောင်ရွက်နေမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို သိရှိနားလည်ပြီး အမျိုးသားရေးစိတ်၊ နိုင်ငံချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်နိုးကြားလာစေရန် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကို စွမ်းရည်ထက်မြက်ပြီး အင်အားတောင့်တင်းခိုင်မာသည့် အဖွဲ့အစည်းဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြပါ၊ ဤသင်တန်းက ပို့ချဆွေးနွေးလိုက်သည့် အကြောင်းအရာများကို လက်တွေ့နယ်ပယ်တွင် အသုံးချပြီး မိမိတို့၏ဘဝတူစစ်မှုထမ်းများနှင့် ပြည်သူများကို စည်းရုံးသွားကြပါ။

ကျေပွန်စွာဆောင်ရွက်

၂၀၀၅ ခုနှစ် စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံက ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီက ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်ကြီး(၅)ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားကြပါ။ ယနေ့ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သောစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် ပေါ်ထွန်းလာစေရေးအတွက် တပ်မတော်၊ ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြပါ။ နိုင်ငံတော်ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် မိမိတို့ကျရာ တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်သွားကြပါပဟု တိုက်တွန်းပြောကြားသွားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(ငြိမ်း)က သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့မှ မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဝင် သင်တန်းသားစုစုပေါင်း ၅၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်လေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းအားကစားသတင်းအတိုအထွာ

ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲ

မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ ရွေးချယ်ထားသော အမျိုးသားဘော်လီဘောအသင်းနှင့် အိန္ဒိယတက္ကသိုလ်လက်ရွေးစင်အသင်းတို့ နှစ်နိုင်ငံချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲများကို ရန်ကုန်မြို့တွင် မေ၁၂၊၁၄၊ ၁၅၊၁၇နှင့် ၁၈ရက်များတွင် ချစ်ကြည်ရေးပွဲ ငါးပွဲကျင်းပသွားမည် ဖြစ်သည်။

ပြည်နယ်/ တိုင်း အလွတ်တန်းအမျိုးသမီးဘောလုံးပြိုင်ပွဲ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူး၍ (၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲများကို မေ ၅ရက်မှ စတင်ကာ မန္တလေး၊ ပြင်ဦးလွင်နှင့် ကျောက်ဆည်မြို့များတွင် ကျင်းပရာ အုပ်စုလေးစုခွဲ ယှဉ်ပြိုင်လျက်ရှိသည်။

(က) အုပ်စုတွင် မန္တလေး၊ တနင်္သာရီ၊ ပဲခူးနှင့်စစ်ကိုင်းတိုင်း၊ (ခ) အုပ်စုတွင် မွန်၊ ကယား၊ ကရင်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ပါဝင်ကြသည်။

(ဂ)အုပ်စုတွင် ဧရာဝတီ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မကွေးတိုင်း၊ (ဃ)အုပ်စုတွင် ရန်ကုန်တိုင်း၊ ရခိုင်ပြည်နယ်နှင့်ကချင်ပြည်နယ်တို့ ပါဝင်ကြသည်။

(မြန်မာ့အလင်း)

ထန်းတပင်နှင့်မုန်းမြို့နယ်တို့မှ အပြစ်မဲ့ပြည်သူနှစ်ဦး သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းနင်းမိသဖြင့်ထိခိုက်ဒဏ်ရာများရရှိ

ရန်ကုန် မေ ၈

ပဲခူးတိုင်း ထန်းတပင်မြို့နယ် ရွာသာယာကျေးရွာနေ ကိုတင်မြင့်သည် မေ၄ရက်တွင် သံတောင်မြို့နယ် ရေတံခွန်ကျေးရွာတောစပ်၌ ဟင်းသီးဟင်းရွက်ခူးနေစဉ် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းနင်းမိသဖြင့် ဝဲဘက်ခြေကျင်းဝတ်အထက်မှ ပြတ်တောက်သွားခဲ့၍ တောင်ငူဆေးရုံအရိုးကုသဆောင်၌ အတွင်းလူနာအဖြစ် တင်ပို့ကုသထားကြောင်းသိရှိရသည်။

အလားတူ မုန်းမြို့နေ မောင်လင်းထိုက်သည် မေ၅ရက်တွင် မုန်းမြို့နယ် ကော့ပြင်းကျေးရွာ အရှေ့တောင်ဘက် ၅မိုင်ခန့်အကွာ အင်တောအတွင်း ဟင်းရွက်ခူးရန်သွားရောက်စဉ် သောင်းကျန်းသူများထောင်ထားသည့် မိုင်းနင်းမိပြီး ဝဲဘက်ခြေဖဝါး ပြတ်တောက်သွားသဖြင့် မုန်းတိုက်နယ်ဆေးရုံသို့တင်ပို့ကုသထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ကူဖာမြို့၌ကားဗုံးခွဲတိုက်ခိုက်၊ အနည်းဆုံး၁၆ဦးသေဆုံး

ဘဂ္ဂဒက် မေ ၈

အီရတ်နိုင်ငံတောင်ပိုင်း ကူဖာမြို့၌ မေ ၈ ရက်က ကားဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံး ၁၆ဦးသေဆုံးသွားပြီး ဒါဇင်အချို့ဒဏ်ရာရသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းကားဗုံးခွဲတိုက်ခိုက်မှုသည် စားသောက်ဆိုင်တစ်ဆိုင်ပျက်စီးသွားပြီး ဈေးဆိုင်များလည်း ပျက်စီးခဲ့ကြောင်း သိရသည်။ ကူဖာမြို့သည် ဘဂ္ဂဒက်တောင်ဘက် မိုင်၁၁၀အကွာ၌ တည်ရှိသည်။

ဖိလစ်ပိုင်တောင်ပိုင်း၌ ဗုံးပေါက်ကွဲ အနည်းဆုံးငါးဦးသေ၊ ၁၃ဦးဒဏ်ရာရ

မနီလာ မေ ၈

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း လူစည်ကားရာဈေးတစ်ဈေး၌ မေ၈ရက်က ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အနည်းဆုံးငါးဦးသေဆုံးပြီး ၁၃ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့၏ ပြောကြားချက်ကို ကိုးကားလျက် ဒေသဆိုင်ရာ မီဒီယာက ဖော်ပြသည်။

အဆိုပါဗုံးပေါက်ကွဲမှုသည် မနီလာမြို့တောင်ဘက် မိုင်၆၀၀အကွာ တာကူရောင်းမြို့၌ နံနက်ပိုင်းကပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဗုံးခွဲတိုက်ခိုက်မှုမှာ မည်သူမည်ဝါ၏ လက်ချက်ဟု မသိရသေးကြောင်း တာကူရောင်း ရဲတပ်ဖွဲ့ ဒုတိယအကြီးအကဲ ဘင်ဂျမင်ဒီလော့စ်ဆန်တို့စ်က ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော် ဆိပ်ကမ်း၌ တောင်အာဖရိကသို့ တင်ပို့မည့် ဟွန်ဒိုင်းမော်တော်ကားများကို မေ ၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆည်တမံများ ပြုပြင်ရေးနှင့် သောက်သုံးရေဖူလုံရေး ယခုနှစ်၌ ယွမ်ငွေ ၂၉ ဘီလီယံကျော် တရုတ်သုံးစွဲမည်

ပေကျင်း မေ ၈

တရုတ်နိုင်ငံသည် ယခုနှစ်တွင် ကျေးလက်ဒေသ သောက်သုံးရေဖူလုံစေရေးနှင့် ဆည်တမံများ ခိုင်ခံ့အောင် ဆောင်ရွက်ရေးလုပ်ငန်းများ၌ တရုတ်ယွမ်ငွေ ၂၉ ဒသမ ၆၅ ဘီလီယံ အကုန်အကျခံ သုံးစွဲသွားမည်ဖြစ်ကြောင်း တရုတ်မီဒီယာများက မေ ၇ရက်၌ ဖော်ပြသည်။

ထိုသို့သုံးစွဲမည့် ငွေကြေးများတွင် ကျေးလက်ရေကာတာများ ပြုပြင်တည်ဆောက်ရေးအတွက်လည်း တရုတ်ယွမ်ငွေ ၃ ဒသမ ၂ ဘီလီယံကို သုံးစွဲသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ရေအရင်းအမြစ်များ ဆိုင်ရာဝန်ကြီးဌာနမှ အရာရှိကြီးတစ်ဦးက ပြောကြားသည်။

ကျေးလက်ပြည်သူ

ထို့အပြင် ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစေရေးအတွက် ယွမ်ငွေ ခြောက်ဘီလီယံကို သုံးစွဲသွားမည်ဖြစ်ကြောင်း၊ ထိုသို့ အကုန်အကျခံမှုကြောင့် ကျေးလက်ပြည်သူ သန်း ၃၀၀ခန့်အတွက် သောက်သုံးရေပြဿနာ ဖြေရှင်းပေးသွားနိုင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

သုံးစွဲမည်

ကျန်သောငွေကြေးများကို တရုတ်နိုင်ငံတောင်ပိုင်းမှ မြောက်ပိုင်းသို့ ရေလွှဲပြောင်းပေးပို့မည့် စီမံကိန်းတစ်ရပ်တွင် သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အီရတ်၌ရရှိသည့်ဒဏ်ရာဖြင့် ဗြိတိသျှတပ်ဖွဲ့ဝင်သေဆုံး

လန်ဒန် မေ ၈

ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးမှာအီရတ်နိုင်ငံတောင်ပိုင်း၌ လွန်ခဲ့သည့် ရက်သတ္တပတ်ကရရှိခဲ့သော ဒဏ်ရာဖြင့် မေ ၆ရက်က သေဆုံးသွားကြောင်း ဗြိတိန်ကာကွယ်ရေးဌာနက ကြေညာသည်။

ဘာဆာရာမြို့၌ မေ၅ရက်က လမ်းဘေးဗုံးဖောက်ခွဲ တိုက်ခိုက်ခံရသဖြင့် ဗြိတိန်ဘုရင့် ထောက်ပံ့တပ်မှ အဆိုပါတပ်ဖွဲ့ဝင်မှာ ပြင်းထန်စွာ ဒဏ်ရာရခဲ့သည်။ ဒဏ်ရာရတပ်ဖွဲ့ဝင်ကို ကုသရန်အတွက် ဗြိတိန်နိုင်ငံသို့ လေယာဉ်ဖြင့် ပြန်ခေါ်သော်လည်း ဒဏ်ရာပြင်းထန်စွာဖြင့် မေ ၆ရက် ညနေက သေဆုံးသွားသည်။

အမ်အင်န်အေ၊ရိုက်တာ

အာဖဂန်နစ္စတန်၌ ကန်စစ်ယာဉ်တန်း ဗုံးခွဲတိုက်ခိုက်ခံရ

ကဘူးလ် မေ ၈

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်းတွင် မေ ၅ရက်က အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏မော်တော်ယာဉ်တန်းတစ်ခုကို အသေခံဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တိုက်ခိုက်ခံရမှု ဖြစ်ပွားသည့် နေရာမှာ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် နယ်စပ်တွင်ရှိသော ပက်တီကာ ပြည်နယ်တွင် ဖြစ်သည်။

တိုက်ခိုက်

နောက်ထပ် တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားသည့်နေရာမှာ ဟဲလ်မတ်ပြည်နယ် တောင်ပိုင်းတွင်ဖြစ်ပြီး မော်တော်ယာဉ်တစ်စီးကို အသုံးပြုကာ ဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်သည်။ ထိုဗုံးခွဲတိုက်ခိုက်မှုကြောင့် အာဖဂန်နစ္စတန် ရဲတပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးခဲ့သည်။

အာဖဂန်နစ္စတန်တွင် ပြီးခဲ့သည့် သီတင်းပတ်များမှ စတင်ကာ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များအား တိုက်ခိုက်မှုများ ပိုမိုမြင့်တက်လာခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ရာသီဥတုပြောင်းလဲမှု ထိန်းချုပ်ရေး ကျွမ်းကျင်သူများနည်းလမ်းရှာဖွေ

ဗန်ကောက် မေ ၈

လေထုအတွင်း ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှုကို အကုန်အကျခံကာ ကန့်သတ်ထိန်းချုပ်နိုင်ကြောင်း ဗန်ကောက်မြို့၌ ကျင်းပသည့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံသို့ တက်ရောက်ကြသည့် ကျွမ်းကျင်သူများက သဘောတူကြသည်။

အစားထိုးလောင်စာ ပိုမိုရှာဖွေအသုံးချခြင်း၊ သစ်တောပြုန်းတီးမှု လျှော့ချခြင်းနှင့် စွမ်းအင်ထိရောက်မှုမြှင့်တင်ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှု သက်သာရေးကို အထောက်အပံ့ဖြစ်စေသည်ဟု ကျွမ်းကျင်သူများက ပြောကြားသည်။

ဤသဘောထားမှာ ယခုနှစ်အတွင်း အိုင်ပီစီစီ၏ တတိယမြောက် အစီရင်ခံစာ၌ပါရှိပြီး အမျိုးမျိုးသော မူဝါဒများ၏ ကုန်ကျစရိတ်နှင့် အကျိုးကျေးဇူးတို့ကို စီစဉ်တင်ပြရန် ရည်ရွယ်သည်။ **(အင်တာနက်)**

လမစေ့မီမွေးသည့် အမြွှာညီအစ်ကို ကိုယ်အလေးချိန် ကွာခြား

ဆစ်ဒနီ မေ ၈

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ လမစေ့မီမွေးဖွားသည့် ညီအစ်ကိုနှစ်ယောက်တွင် **(အောက်ပုံ)**မွေးဖွားချိန်၌ တစ်ဦးက ကိုယ်အလေးချိန် တစ်ပေါင် နှစ်အောင်စရှိပြီး နောက်တစ်ဦးမှာ သုံးပေါင်ခြောက်အောင်စရှိသည့်အတွက် သုံးဆဖြစ်နေသည်။

မိခင်ဖြစ်သူ နီကိုးလ်က ၎င်းအမြွှာညီအစ်ကိုကို ကိုယ်ဝန်ဆောင်ကာ ၂၉ပတ်တွင် ဆစ်ဒနီမြို့ အမျိုးသမီးဆေးရုံသို့ တက်ရောက်မွေးဖွားခြင်း ဖြစ်သည်။

ကိုယ်အလေးချိန် ပိုနည်းသည့်ကလေးငယ် အသက်ရှင်ရေးမှာ သုံးပုံတစ်ပုံသာရှိကြောင်း ဆရာဝန်များက ပြောကြားသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်အလေးချိန် လွန်စွာနည်းလွန်းသည့်အတွက် ဖြစ်သည်ဟု ဆိုသည်။ **(အင်တာနက်)**

နီပေါသို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှုမြင့်တက်

ခတ္တမန္ဒူ မေ ၈

နီပေါနိုင်ငံတွင် ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုများ တိုးတက်လာမှုကြောင့် ပြီးခဲ့သည့် ဧပြီလက ကမ္ဘာလှည့်ခရီးသည်များ ရောက်ရှိမှု တိုးတက်ခဲ့ကြောင်း နီပေါခရီးသွားလုပ်ငန်းက မေ ၆ရက်၌ သတင်း ထုတ်ပြန်သည်။

ဖော်ပြ

ယခင်နှစ်အလားတူ ကာလကထက် ၇၈ဒသမ ၈ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း နီပေါနိုင်ငံ ထရီဟူဗင်နိုင်ငံတကာလေဆိပ် လူဝင်မှုဌာနမှ စာရင်းအင်းများက ဖော်ပြသည်။

တိုးမြှင့်

ဧပြီလက နီပေါနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ ရောက်ရှိမှုမှာ ၃၃၀၂၄ဦး ရှိခဲ့ရာ ပြီးခဲ့သည့်နှစ် ဧပြီလက ၁၈၄၆၅ဦး ရောက်ရှိခဲ့မှုနှင့် နှိုင်းယှဉ်လျှင် တိုးမြှင့်ခဲ့ကြောင်း သိရသည်။

နီပေါနိုင်ငံသို့ လာရောက်သည့် ခရီးသည်များမှာ အိန္ဒိယ၊ တရုတ်နှင့် တောင်အာရှပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများမှ ခရီးသည်များလည်း ပါဝင်ကြောင်း ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများမှ ခရီးသည်များလည်း လာရောက်ကြကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ၏ ကြေးနီတင်သွင်းမှုမြင့်တက်

ပေကျင်း မေ ၈

တရုတ်နိုင်ငံ၏ မတ်လအတွင်း ကြေးနီတင်သွင်းမှုသည် တန်ချိန် ၂၀၂၈၅၅တန်ရှိခဲ့ရာ ၂၀၀၆ခုနှစ် မတ်လကထက် ရာခိုင်နှုန်း၁၅၀ မြင့်တက်ခဲ့ကြောင်း တရုတ် ဓာတ်သတ္တုလုပ်ငန်းက မေ၅ရက်တွင် ပြောကြားသည်။

တင်သွင်း

ယခုနှစ် ပထမသုံးလအတွင်း တရုတ်နိုင်ငံ၏ ကြေးနီတင်သွင်းမှုမှာ တန်ချိန် ၄၈၀၀၀၀ရှိခဲ့ရာ ၂၀၀၆ခုနှစ် အလားတူကာလ ကထက် သုံးဆပိုများခဲ့သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အင်ဒိုနီးရှားနှင့် နယူးဇီလန် ဒေသဆိုင်ရာ လုပ်ငန်းများ ဆွေးနွေး

ဂျကာတာ မေ ၈

အင်ဒိုနီးရှားနှင့်နယူးဇီလန် နှစ်နိုင်ငံတို့သည် ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှု တွေ့ဆုံဆွေးနွေးပွဲကို မေ ၇ရက်တွင် ကျင်းပမည်ဖြစ်ရာ အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက မေ ၄ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ၌ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ပြီး နှစ်နိုင်ငံမှနိုင်ငံခြားရေးဝန်ကြီးတို့တက်ရောက်ကြမည်ဖြစ်သည်။

အစည်းအဝေး၌ ပညာရေးကဏ္ဍဆိုင်ရာ၊ လုံခြုံရေးကဏ္ဍဆိုင်ရာနှင့် နှစ်နိုင်ငံ ပြည်ပခရီးသွားလုပ်ငန်းဆိုင်ရာတို့ ဆွေးနွေးမည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာ့အကြီးဆုံး လက်လီအရောင်းစင်တာ ဒူဘိုင်း၌ တည်ဆောက်သွားမည်

အဘူဒါဘီ မေ ၈

အာရပ်စော်ဘွားများနိုင်ငံ ဒူဘိုင်းမြို့၌ ကမ္ဘာ့အကြီးဆုံး လက်လီအရောင်းစင်တာကြီးတစ်ခု တည်ဆောက်သွားမည်ဖြစ်ကြောင်း ယင်းမှာစတုရန်းမီတာ၃ဒသမ ၇၂သန်း ကျယ်ဝန်းကြောင်း ဒေသထုတ်သတင်းစာ ဂဲ့ဖ်နယူးစ်က မေ၆ရက်တွင် ရေးသားဖော်ပြသည်။

အဆိုပါလက်လီအရောင်းစင်တာစီမံကိန်းတွင် အခန်းပေါင်း ၂၉၀၀၀ နှင့် ဟိုတယ် ၃၁လုံး ပါဝင်မည်ဖြစ်ကြောင်း၊ ၂၀၁၆ခုနှစ်၌ တည်ဆောက်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အမေရိကန်အလယ်ပိုင်းလေဆင်နှာမောင်းတိုက်ခတ် ကိုးဦးသေဆုံး၊ ၁၁ဦးဒဏ်ရာရခဲ့

ကင်းဆပ်စ် မေ ၈

အမေရိကန်နိုင်ငံ ကင်းဆပ်စ်ပြည်နယ်တောင်ပိုင်း ဂရင်းစဘတ်ဂ်မြို့၌ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် အကြီးအကျယ် ပျက်စီးခဲ့ပြီး နောက်တစ်ရက်အကြာ မေ၆ရက်က အမေရိကန်အလယ်ပိုင်း၌ လေဆင်နှာမောင်းများ အဆက်မပြတ်ဖြစ်ပေါ်ခဲ့ရာ အနည်းဆုံး ဒေသခြောက်ခု လေဆင်နှာမောင်းဒဏ်ခံရကြောင်း မေ ၆ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

အမေရိကန်နိုင်ငံ အလယ်ပိုင်း ကင်းဆပ်စ်ပြည်နယ် ဂရင်းစဘတ်ဂ် မြို့၌ လေဆင်နှာမောင်း တိုက်ခတ်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သေဆုံး

ယင်းလေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ကင်းဆပ်စ်၌ ရှစ်ဦးသေဆုံးပြီး ၁၁ဦး ဒဏ်ရာရရှိသွားကြောင်း၊ ထို့အပြင် အော့တဝါ၌ ယင်းမုန်တိုင်းကြောင့် တစ်ဦးသေဆုံးသွားကြောင်း ပြည်နယ် တာဝန်ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ၌ ရေသန့်စက်ရုံစီမံကိန်းသစ်တစ်ခု တည်ဆောက်နေ

ပေကျင်း မေ ၈

တရုတ်နိုင်ငံ၏ အဓိကလျှပ်စစ်ဓာတ်အား လုပ်ငန်းတစ်ခုဖြစ်သည့် ဟွာဒင်းကော်ပိုရေးရှင်းသည် တရုတ်နိုင်ငံ ရှန်တုန်ပြည်နယ် အရှေ့ပိုင်း ဖူစီရင်စုတွင် ရေသန့်စက်ရုံစီမံကိန်းအသစ်တစ်ခုကို ဆောင်ရွက်လျက်ရှိရာ ပြီးစီးတော့မည် ဖြစ်သည်။

ထိုစီမံကိန်းမှ ဒေသခံပြည်သူ ၄၇၀၀၀၀ နေ့စဉ်သောက်သုံးရေ လိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ အဆိုပါ ရေသန့်စက်ရုံမှ တစ်နာရီလျှင် ရေဆိုး တန်ချိန် ၄၂၀၀ကို ပြန်လည်သန့်စင်ပေးနိုင်မည်ဖြစ်သည်။

စက်ရုံ စတင်လည်ပတ်သည့်အခါ နှစ်စဉ်ရေသန့်တန်ချိန် ၁၂ သန်းခန့်ကို ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး တရုတ် နိုင်ငံ၏ ရေသန့်စက်ရုံများတွင် အကြီးမားဆုံး စက်ရုံစီမံကိန်း တစ်ခု ဖြစ်သည်။

လျှော့နည်းကျဆင်း

အဆိုပါစက်ရုံ စီမံကိန်းကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုကို လျှော့နည်းကျဆင်း စေမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်တစ်ဝန်း ဗုံးခွဲမှုများကြောင့် တစ်နေ့တည်း ၆၈ဦး သေဆုံး

ဘဂ္ဂဒက် မေ ၈

အီရတ်နိုင်ငံတစ်ဝန်းတွင် မေ ၇ရက် တစ်ရက်တည်း၌ပင် ဗုံးခွဲတိုက်ခိုက်မှုများကြောင့် ၆၈ဦး သေဆုံးခဲ့ရကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

တိုက်ခိုက်ခံရ

ဘဂ္ဂဒက်မြို့၌ပင် မေ ၇ရက်က ဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် သေဆုံးသူ ၃၀ ရှိခဲ့ပြီး ဘဂ္ဂဒက်မြို့အနီး အမေးလ်မြို့တွင် ထိုနေ့က လက်နက်ငယ်များဖြင့် တိုက်ခိုက်ခံရမှုကြောင့် အီရတ် ၁၃ဦးသေဆုံးခဲ့ရသည်။

သေဆုံး

ထို့အပြင် မေ ၇ရက်က ရာမာဒီမြို့တွင် ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ၁၅ ဦးသေဆုံးခဲ့ရပြီး အယ်လ်ဂျာဇီးယားမြို့၌ ကားဗုံးခွဲ တိုက်ခိုက်မှုတွင်လည်း ၁၀ဦး သေဆုံးသွားသည်။

ဗုံးပေါက်ကွဲ

ထို့အတူ ဆာမာရာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုနှင့် ဘာကူဘာမြို့တွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ကျန်ဟိုင်းမြို့၌ ဖွင့်လှစ်ထားသည့် နျူကလီးယားလက်နက် သုတေသနနှင့် ထုတ်လုပ်ရေးပြခန်းတွင် ခရီးသွားဧည့်သည်များ လေ့လာကြည့်ရှုနေသည်ကို မေ ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရန်၏ ပထမဆုံးနျူကလီးယား ဓာတ်အားပေးစက်ရုံ လာမည့်နှစ်တွင် ဖွင့်လှစ်မည်ဟု ကြေညာ

တီဟီရန် မေ ၈

အီရန်နိုင်ငံသည် ပထမဆုံးသော နျူကလီးယားဓာတ်အားပေးစက်ရုံကို လာမည့်နှစ်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ အခြားသော နျူကလီးယားဓာတ်အားပေး စက်ရုံနှစ်ခုကိုလည်း စတင်တည်ဆောက်နေပြီဖြစ်ကြောင်း အီရန် စွမ်းအင်ဝန်ကြီး မစ္စတာဖက်တာက မေ ၅ ရက်တွင် ပြောကြားလိုက်သည်။

၎င်းသည်မှာ အရပ်ဘက်နျူကလီးယားလုပ်ငန်း ထူထောင်မှုနှင့် စပ်လျဉ်း၍ အီရန်အနေဖြင့် မည်မျှ တိုးတက်မှုရှိကြောင်းကို နောက်ဆုံး ထုတ်ဖော် ကြေညာလိုက်ခြင်းဖြစ်သည်။ အနောက်အုပ်စုကမူ အီရန်က အဏုမြူဗုံးထုတ်လုပ်မည်ကို စိုးရိမ်နေသည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်အတွက်သာ အလိုရှိကြောင်း အီရန်အစိုးရက ထုတ်ပြန်ကြေညာသည်။

ထုတ်ပြန်

ဒီဇင်ဘာလ နောက်ပိုင်းတွင် အီရန်အား အရေးယူပိတ်ပင်သည့် ကုလသမဂ္ဂ၏ တားမြစ်မှု နှစ်ကြိမ်တိတိ ထုတ်ပြန်ခဲ့သည်။ အီရန်အစိုးရက ယူရေနီယံသန့်စင်မှုကို မရပ်ဆိုင်းလျှင် ပိုမိုပြင်းထန်သည့် တတိယအကြိမ် အရေးယူပိတ်ပင်မှု ပြုလုပ်မည်ဖြစ်ကြောင်း အဓိကအင်အားကြီး နိုင်ငံများက သတိပေးထားသည်။

တည်ဆောက်

ကမ္ဘာပေါ်တွင် စတုတ္ထရေနံအများဆုံးတင်ပို့သည့် အီရန်နိုင်ငံကယင်း၏ ရေနံနှင့်ဓာတ်ငွေ့များ ပိုမိုရောင်းချရေးအတွက် ၂၀၂၀ပြည့်နှစ် အရောက်တွင် မဂ္ဂါဝပ် ၂၀၀၀၀ ထုတ်လုပ်နိုင်စွမ်းရှိသော နျူကလီးယား ဓာတ်အားပေး စက်ရုံများ တည်ဆောက်လိုကြောင်း ကြေညာသည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ပင်လယ်သတ္တဝါများဆိုင်ရာ ကမ္ဘာ့အကြီးဆုံးပြတိုက်

ပင်လယ် သတ္တဝါများ ဆိုင်ရာ ကမ္ဘာ့အကြီးဆုံး ငါးပြတိုက် အတွင်း လေ့လာနေကြသူများကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ လီယန်ကျန်းမြို့တွင် ပင်လယ်သတ္တဝါ မျိုးစိတ်ပေါင်း ၃၄၀၀ နှင့်အတူ ရှေးခေတ်ပင်လယ်ပျော်သတ္တဝါတို့၏ အရိုးစုများကိုပါ ပြသထားသော ကမ္ဘာ့အကြီးဆုံး ပြတိုက်တစ်ခုကို မကြာမီက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

(အင်တာနက်)

အဆိပ်ရှိသော မြွေများနှင့်လူ

အဆိပ်ရှိသော မြွေများနှင့် လူတစ်ဦးကို တွေ့ရစဉ်။ (ယာပုံ)

အီတလီနိုင်ငံ အလယ်ပိုင်း ကိုကူလိုမြို့တွင် အီတလီ နိုင်ငံသား တစ်ဦးက အဆိပ်ရှိသော မြွေဆိုးများကို ခန္ဓာကိုယ်တွင် ရစ်ပတ်ကာ သွားလာနေထိုင်ပြခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ကာလသားရောဂါ ဖြစ်ပွားသူဦးရေ အမေရိကန်၌ ဆယ်စုနှစ်အတွင်း ပိုမိုများလာ

ဝါရှင်တန် မေ ၈

အမေရိကန်ပြည်ထောင်စု၌ ယခုဆယ်စုနှစ် အတွင်းတွင် ကာလသားရောဂါဖြစ်ပွားသူဦးရေ သိသိသာသာ တိုးတက်များပြားလာကြောင်း၊ ထိုရောဂါဖြစ်ပွားသူတို့အနေဖြင့် အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားရန် အလားအလာများကြောင်း ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (စီဒီစီ)အရာရှိများက ပြောကြားသည်။

ရောဂါဖြစ်ပွား

၂၀၀၀ ပြည့်နှစ်တွင် ထိုရောဂါဖြစ်ပွားမှု အနိမ့်ဆုံးသို့ ရောက်ရှိပြီးနောက် ယခု ပြန်လည်ခေါင်းထောင်လာခြင်း ဖြစ်သည်ဆိုသည်။

အသက်အန္တရာယ်ရှိ

ကာလသားရောဂါနှင့် အိပ်ချ်အိုင်ဗွီပိုးရပ်စ်ပိုး ကူးစက်ဖြစ်ပွားမှုတို့မှာ နီးစပ်စွာ ဆက်နွှယ်နေပြီး အသက်အန္တရာယ် ထိခိုက်စေနိုင်သည်ဆိုသည်။ ကာလသားရောဂါမှာ ပဏာမအဆင့်တို့တွင် ပဋိဇီဝဆေးများဖြင့် ကုသနိုင်သော်လည်း မကုသဘဲပစ်ထားလျှင် ဆိုးရွားသော ဆေးကုသမှုဆိုင်ရာ ပြဿနာ ပေါ်ပေါက်ရုံမျှမက အသက်အန္တရာယ်ရှိသည်။

ပြောကြား

၁၉၉၀ ပြည့်နှစ်က လူ ၁၀၀၀၀၀လျှင် ရာခိုင်နှုန်း၂၀ရှိခဲ့ရာ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၏ ကြိုးပမ်းမှုကြောင့် ၂၀၀၀ပြည့်နှစ်တွင် လူ ၁၀၀၀၀၀ လျှင် နှစ်ဦးခန့်သာ ထိုရောဂါဖြစ်ကြောင်း တွေ့ရသည်။ သို့သော် ၂၀၀၅ ခုနှစ်တွင် လူ၁၀၀၀၀၀လျှင် သုံးဦးနှုန်းသို့တက်ကာ ရောဂါဖြစ်ပွားသူ ၈၇၂၄ ဦး ရှိကြောင်း စီဒီစီအရာရှိများက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့်ပန်းမန်ပြပွဲ၊ ပြိုင်ပွဲ

တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ကြည့်ရှုအားပေး

ရန်ကုန် မေ ၈

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်းသည် ယမန်နေ့ မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာကျွန်း၌ကျင်းပလျက်ရှိသည့် မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်ပြပွဲ ဆွေးနွေးပွဲနှင့် သစ်သီးဝလံပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်ပြပွဲ၌ ပြသရောင်းချလျက်ရှိသည့် ပုဂ္ဂလိက ကုမ္ပဏီများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များ၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ မြေဩဇာများ၊ ရွက်ဖျန်းမြေဩဇာများ၊ အားတိုးဆေးများ၊ ပိုးသတ်ဆေးများ၊ ဆေးဖျန်းကိရိယာများ၊ ဥယျာဉ် ခြံမြေသုံး စိုက်ပျိုးရေးပစ္စည်းကိရိယာများ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များမှ ထုတ်လုပ်သည့်ဆေးဝါးများ၊ အာဟာရ အစားအစာများ၊ သစ်သီးဝလံဖျော်ရည်နှင့် အစားအစာထုတ်လုပ်ရာတွင် လိုအပ်သည့် စက်မှုပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ရေစုပ်စက်နှင့် ပစ္စည်းအမျိုးမျိုး၊ စိုက်ပျိုးရေး နည်းပညာပေးပြခန်း၊ ကိုင်းကူးကိုင်းဆက် မျိုးပွားနည်းပြကွက်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့်၎င်းတို့မှ ထုတ်လုပ်သည့် ဖျော်ရည်နှင့်အစား အစာအရောင်းပြခန်းများ၊ အဆင့်မြင့်နည်းပညာဖြင့် စိုက်ပျိုးထွက်ရှိသည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံပြိုင်ပွဲ၌ ဆုရရှိသည့် သီးနှံများ၊ မြန်မာနိုင်ငံပန်းမန် စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးသူများ အသင်း၏ သစ်ခွနှင့် ပန်းအလှပင်တို့ကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

အခြောက်ခံစက်ကြည့်ရှု

ထို့နောက် တိုင်းမှူးသည် မြတ်ရတနာစိုက်ပျိုးခင်း၏ တစ်ကြိမ်လျှင် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက် ကီလို (၅၀၀) အခြောက်ခံနိုင်သော ဒီဇယ်ဆီနှင့် လျှပ်စစ်ဓာတ်အားကို တွဲဖက်အသုံးပြုသည့် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက် အခြောက်ခံစက်ကိုကြည့်ရှုသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးသည် မြတ်ရတနာစိုက်ပျိုးခင်း၌ ပြသထားသည့် ဝဥမှ ထုတ်လုပ်သော အစား အစာများ၊ ဆေးဝါးများ၊ အခြောက်ခံစက်ဖြင့် အခြောက်ခံထားသော သစ်သီးဝလံများနှင့် ၎င်းတို့ဖြင့် ပြုလုပ်သော အစားအစာများကိုလည်းကောင်း၊ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်ရေးနှင့် ကြက်၊ငါးမွေးမြူရေး အထူးဇုန်(ညောင်နှစ်ပင်)၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် BIG M GROUP SERVICES Co., Ltd.တို့ ပူးပေါင်း၍ အဆင့်မြင့်နည်းပညာဖြင့် စိုက်ပျိုးထုတ်လုပ်သည့် ဟင်းသီး ဟင်းရွက်များနှင့် သစ်သီးဝလံများ၊ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာန၏ မှိုပြခန်းတို့ကိုလည်းကောင်း၊ စိုက်ပျိုးရေးပြတိုက်၌ ကျင်းပလျက်ရှိသည့် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန် ဆွေးနွေးပွဲကိုလည်းကောင်း ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့ မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက် လုပ် ရန် အတွက်နှစ်ဖက်သော မိဘများအား အမှူးထား၍ ရန်ကုန်တိုင်း အင်းစိန် မြို့နယ် မင်းကွန်း ကျောင်းလမ်း၊ အမှတ်(၂၆၇)နေ ကိုအောင်မျိုးဟိန်း–မနေမင်းသန့် ၊ သားမောင်ဘုန်းသန့်ကျော် မိသားစုတို့က မနေမင်းသန့်၏ မွေးနေ့ မင်္ဂလာအထိမ်းအမှတ်အဖြစ် အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘောလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ရထားလမ်းအူကြောင်းအား ကျေးရွာများအနီးမှ ဖြတ်သန်းဖောက်လုပ်မည်

ကျေးရွာချင်းဆက်လမ်းများကိုပါ တစ်ပါတည်း ဖောက်လုပ်သွားမည်

နေပြည်တော် မေ ၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ ဒုတိယဝန်ကြီး ဦးဖေသန်း လိုက်ပါ၍ မေ ၅ ရက်နံနက်ပိုင်းက မကွေးတိုင်း သရက်မြို့သို့ရောက်ရှိပြီး ကြံခင်း–ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းအား အပိုင်း(၃)ပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိသည့် အပိုင်းများအနက် ကြံခင်း–သရက် ရထားလမ်းပိုင်းနှင့် သရက်– ပွင့်ဖြူ ရထားလမ်းပိုင်း ဆက်စပ်နယ်မြေ ရထားလမ်း အူကြောင်း ဖောက်လုပ်နေမှုကို လိုက်လံစစ်ဆေးရာ ကြံခင်း–သရက် ရထားလမ်းပိုင်း စီမံကိန်းအင်ဂျင်နီယာ ဦးမျိုးဝင်းက မြေပုံကားချပ်များနှင့်တကွ ရှင်းလင်းတင်ပြသည်။ (အောက်ပုံ)

ထို့နောက် ဝန်ကြီးက မိမိတို့ တာဝန်ယူဆောင်ရွက်ရသော စီမံကိန်းအပိုင်းများအလိုက် လျင်မြန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စက်ယန္တရားများနှင့် ကျွမ်းကျင်လုပ်သားများ စုပေါင်းညီညွတ်စွာဖြင့်ကြိုးစားဆောင်ရွက်ကြရန် မှာကြားပြီးနောက် လုပ်ငန်းခွင်အတွင်း စက်ယန္တရားများနှင့် ရထားလမ်းအူကြောင်းဖောက်လုပ်မှု သံပုရာကန်အနီး ရထားလမ်းအူကြောင်း ဖောက်လုပ်နေမှုအား မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်၍ တင်ပြသည်။

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက ရထားလမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်တင်ပြသည်။ ၎င်းနောက် ဝန်ကြီးက အပိုင်းလိုက် တာဝန်ယူ ဆောင်ရွက်နေကြသော စီမံကိန်း အင်ဂျင်နီယာများအား မိမိတို့ စီမံကိန်းအလိုက် ရထားလမ်းဖောက်လုပ်ရာတွင် ဆောက်လုပ်ရမည့် ချောင်းကူး တံတားများကိုလည်း ရထားလမ်းနှင့်ဟန်ချက်ညီစွာ ပြီးစီးရေးနှင့် စီမံကိန်းအင်ဂျင်နီယာအကြိုလုပ်ငန်းများအား လိုက်လံစစ်ဆေးခဲ့သည်။

ဖြည့်စွက်တင်ပြ

၎င်းမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် သရက်–ပွင့်ဖြူရထားလမ်းပိုင်းရှိ ကိုးပင် နေရာသို့ရောက်ရှိ စစ်ဆေးရာ သရက်–ပွင့်ဖြူ ရထားလမ်းပိုင်း စီမံကိန်းအင်ဂျင်နီယာ ဦးသန်းဌေး ရထားလမ်းအူကြောင်း ဖောက်လုပ်နေမှုအား မြေပုံကားချပ်များနှင့်တကွတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်တင်ပြသည်။

ထို့နောက် ရထားလမ်းအူကြောင်းဖောက်လုပ်လျက်ရှိသည့် လုပ်ငန်းခွင်အတွင်းသို့ လိုက်လံကြည့်ရှုစစ်ဆေးပြီးနောက် လုပ်ငန်းခွင်သုံး အထောက်အကူပစ္စည်းများ အချိန်မီ ရောက်ရှိစုပုံရေးနှင့် စီမံကိန်းသတ်မှတ်ကာလအတွင်း လုပ်ငန်းများ အလျင်အမြန် အကောင်အထည်ဖော်စေရေး ဆောင်ရွက်ရန်တို့အား မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မေ ၆ရက် နံနက်ပိုင်းတွင် သရက်–ပွင့်ဖြူ ရထားလမ်းပိုင်းရှိ မင်းလှမြို့သို့ ရောက်ရှိပြီး ရှေးဦးစွာစီမံကိန်း ရှင်းလင်းဆောင် တွင် စီမံကိန်းအင်ဂျင်နီယာ ဦးသန်းဌေးက ရှင်းလင်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရွေးချယ်ထား

၎င်းနောက် ဝန်ကြီးက ရထားလမ်းအူကြောင်းအား ဧရာဝတီမြစ်ကမ်းတစ်လျှောက်ရှိ ပြည်သူလူထု အများစုနေထိုင်ကြသော ကျေးရွာများအနီးမှ ဖြတ်သန်းဖောက်လုပ်ရန် ရွေးချယ်ထားခြင်းဖြစ်ကြောင်းနှင့် ရထားလမ်း ဖြတ်သန်းသည့် လမ်းတစ်လျှောက်ရှိကျေးရွာများကိုလည်း ကျေးလက်ဖွံ့ဖြိုးရေး (၅) ရပ်နှင့်အညီ ကျေးရွာချင်း ဆက်လမ်းများကိုပါ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့နှင့် ပူးပေါင်း၍ တစ်ပါတည်း ဖောက်လုပ်သွားမည်ဖြစ်ကြောင်း မှာကြားပြီးနောက် တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

၎င်းမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ကြံခင်း–ပခုက္ကူရထားလမ်း ဖောက်လုပ်ရေး စီမံကိန်း၏ အပိုင်းများအနက် ပွင့်ဖြူ–ပခုက္ကူလမ်းပိုင်းရှိ ဆိပ်ဖြူမြို့သို့ရောက်ရှိရာ ရှေးဦးစွာ စီမံကိန်းအင်ဂျင်နီယာဦးမောင်မောင်သွင်က ရထားလမ်း အူကြောင်းမြေနေရာ ဖော်ထုတ်ဆောင်ရွက်မှုကို မြေပုံ ဆောင်ရွက်ရန်၊ ဘူတာမြေနေရာမှာ ကြိုတင်ရွေးချယ်၍ မြေကြီးလုပ်ငန်း ဆောင်ရွက်ထားရှိရန်၊ လုပ်ငန်းသုံး အထောက်အကူပစ္စည်းများအား ကြိုတင်စုဆောင်းထားရှိရန်နှင့် စက်ယန္တရားများအား စွမ်းအားအပြည့် အသုံးပြုနိုင်ရေးစီမံဆောင်ရွက်ရန်တို့အား မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

အပိုင်းသုံးပိုင်း

ဤစီမံကိန်းတွင် ကြံခင်းမှ ပခုက္ကူအထိ ရထားလမ်းအရှည်မိုင်၃၂၂ဒသမ ၅မိုင်ရှည်လျားပြီး ၎င်းစီမံကိန်းအား ကြံခင်းမှသရက်လမ်းပိုင်း၊ သရက်–ပွင့်ဖြူလမ်းပိုင်း၊ ပွင့်ဖြူ–ပခုက္ကူလမ်းပိုင်းဟူ၍ အပိုင်းသုံးပိုင်းခွဲကာ ဖောက်လုပ်ဆောင်ရွက်လျက်ရှိသည်။

ဤရထားလမ်းသည် ဧရာဝတီမြစ် အနောက်ဘက်ကမ်း တစ်လျှောက်ရှိ ကျေးရွာများအနီးမှ ဖြတ်သန်းမည်ဖြစ်ပြီး အဓိကမြို့များဖြစ်သော ဥသျှစ်ပင်၊ ကံမ၊ သရက်၊ မင်းလှ၊ မင်းဘူး၊ စကု၊ ပွင့်ဖြူ၊ စလင်း၊ ဆိပ်ဖြူ၊ မြစ်ခြေမြို့များအား ဖြတ်သန်းဖောက်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ

နားလည်ကျွမ်းကျင်စေရန် ရည်ရွယ်ချက်များဖြင့် အရာထမ်းလောင်း အခြေခံနှင့် ဝန်ထမ်းသင်တန်းဖွင့်

ရန်ကုန် မေ ၈

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်ခဲ့သော ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာထမ်းလောင်း အခြေခံသင်တန်းအမှတ်စဉ်(၃)နှင့် ဝန်ထမ်းသင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲက မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပတ္တမြားခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးညီထွန်းနှင့် ဦးကျော်အောင်၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်းနှင့် ဒုတိယပါမောက္ခ ချုပ်များ၊ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကိုနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဝန်ကြီးက နိုင်ငံတော်မူဝါဒများကို သိရှိနားလည်ပြီး အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများကို နားလည်ကျွမ်းကျင်စေရန်၊ ရုံးလုပ်ငန်းတာဝန်များကို အခြေခံမှစ၍သိရှိပြီး စနစ်တကျ ကြိုးကြပ်လုပ်ဆောင်တတ်စေရန်၊နိုင်ငံတော်၏ အကျိုးစီးပွားကို ကာလဒေသမရွေး ကျရာ အခန်းကဏ္ဍမှ ထမ်းဆောင်နိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်းနှင့် သင်တန်း၌သင်တန်းသားများအနေဖြင့် စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းရည်စသော အဓိကလိုအပ်ချက်များကို ထက်မြက်ကောင်းမွန်တိုးတက်နေရန်၊ လေ့ကျင့်သင်ကြားသွားကြရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှား အားကစား

ပရီမီယာလိဂ်ရာသီကုန်၌ ဝက်စ်ဟမ်း၏အနေအထား

ကိုးကားတင်ပြသူ မောင်မောင်မြင့်ဆွေ

လန်ဒန် မေ ၈

ပရီမီယာလိဂ် ၂၀၀၆–၂၀၀၇ ဘောလုံးရာသီကုန်ဆုံးချိန်တွင် စိတ်ဝင်စားစရာ အကောင်းဆုံး အသင်းမှာ ဝက်စ်ဟမ်းပင်ဖြစ်သည်။ တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်ရန် ဝက်စ်ဟမ်းတို့ အကြိတ်အနယ်ကြိုးစားနေရသည်မှာ ရာသီကုန် နောက်ဆုံးပွဲ အထိ ဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

ဝက်စ်ဟမ်းအသင်း၏ လက်ရှိ အနေအထားကို ကြည့်လျှင် ၃၇ပွဲ ကစားပြီးချိန်တွင် အဆင့် ၁၇၌ ရှိနေပြီး တန်းဆင်းဇုန်အတွင်း ထိပ်ဆုံး၌ရှိနေသော ဝီဂန်အသင်းနှင့်ပွဲတူ သုံးမှတ်သာ ကွာခြားလျက်ရှိနေသည်။

ကြိုးစားရမည်

ဝက်စ်ဟမ်းသည် ဝီဂန်နှင့်အပြိုင် တန်းဆင်းဇုန်အတွင်း မရောက်အောင် အစွမ်းကုန်ကြိုးစားရမည့် အနေအထား ဖြစ်နေရာ နောက်ဆုံးလက်ကျန်ပွဲကို ရေကုန်ရေခန်းကြိုးစားပြီး အနိုင်ရအောင် ကစားရတော့မည်ဖြစ်သည်။

လက်ကျန်ပွဲ

ဝက်စ်ဟမ်းအသင်းသည် ရာသီကုန် လက်ကျန်ပွဲအဖြစ် ပရီမီယာလိဂ် ချန်ပီယံဖလားကို ဆွတ်ခူးသွားပြီဖြစ်သည့် မန်ယူအသင်းနှင့် ကစားရမည် ဖြစ်သည်။ ထို့အတူ ဝီဂန်အသင်းသည် လက်ကျန်ပွဲအဖြစ် ရှက်ဖီးလ်အသင်းနှင့်ကစားရမည် ဖြစ်သည်။

အရေးမပါ

ဝက်စ်ဟမ်းသည် မန်ယူနှင့်ကစားရမည့်အနေအထားမှာ တစ်ဖက်မန်ယူအသင်းအနေဖြင့် ယခုဝက်စ်ဟမ်းနှင့် ပွဲရလဒ်သည် အရေးမပါတော့ချေ။ ထို့အတူမန်ယူအသင်းအနေဖြင့် လူသစ်လေးများဖြင့်သာ ထုတ်ကစားတော့မည်ဖြစ်ရာ အဓိကကစားသမားများ

ဝက်စ်ဟမ်း ဘောလုံးသမားများ မန်ယူနှင့် ကစားမည့် နောက်ဆုံး လက်ကျန်ပွဲတွင် ဤသို့ အောင်ပွဲခံနိုင်ပါမည်လော။ (ဓာတ်ပုံ–အင်တာနက်)

ကို ထုတ်သုံးတော့မည်မဟုတ်သဖြင့် ဝက်စ်ဟမ်းတို့ အားထည့်ကစားလျှင် မန်ယူကို သရေသို့မဟုတ် အနိုင်ရအောင် ကစားနိုင်သော အခြေအနေရှိသည်။

မျှော်မှန်းနိုင်

ဝက်စ်ဟမ်းအနေဖြင့် လောလော ဆယ်အချိန်၌ ထိခိုက်ဒဏ်ရာရဘောလုံး သမားများ ပြန်ကစားနိုင်ပြီဖြစ်ရာ မန်ယူ ကွင်း၌ ကစားရမည်ဖြစ်သော်လည်း အမြင့်ဆုံးသရေပွဲအထိ မျှော်မှန်းနိုင် သည်။

ရနိုင်

ပထမအကျော့ ဝက်စ်ဟမ်းကွင်း၌ ကစားခဲ့ သောပွဲတွင် ဝက်စ်ဟမ်းတို့က မန်ယူကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ယူ ထားသည်ဖြစ်ရာ ပွဲရလဒ်ကို အလေး ထားစရာ မလိုသော မန်ယူတို့၏ သက်ညှာမှုကို ဝက်စ်ဟမ်းတို့ ရသွားနိုင် သည်။

ရလဒ်မကောင်း

သို့သော် ဝက်စ်ဟမ်းတို့က အဝေး ကွင်းရလဒ်ကောင်းသော အသင်း မဟုတ်ရာ မန်ယူတို့အရန်လူများ ထည့် သုံးမည့် အသင်းကိုပင် အတော်ကြိုးစား ကစားရမည်ဖြစ်သည်။

ခြေစွမ်းရှိ

ဝီဂန်တို့က ဝက်စ်ဟမ်းနှင့် သုံးမှတ် ကွာနေသော်လည်း လက်ကျန်ပွဲအဖြစ် ရှက်ဖီးလ်ကို အနိုင်ကစားမည့် ခြေစွမ်း ရှိနေသည်။

ဝီဂန်တို့ ခြေစွမ်းက နောက်ဆုံး လက်ကျန်ပွဲငါးပွဲ၏ ကစားခဲ့မှု အနေ အထားကိုကြည့်လျှင် သုံးပွဲသရေ၊ နှစ်ပွဲ ရှုံးရလဒ်များရှိနေပြီးနိုင်ပွဲတစ်ပွဲမျှ မရ ထားကြောင်း တွေ့ရသည်။

သရေကစားနိုင်လျှင်

ဝီဂန်တို့က ရှက်ဖီးလ်ကို အနိုင် ကစားမှသာ မျှော်လင့်ချက်ရှိနိုင်မည် ဖြစ်ပြီး ဝက်စ်ဟမ်းက မန်ယူအား သရေ ကစားနိုင်လျှင် ဝီဂန်တန်းဆင်းသွားရမည် ဖြစ်ပေသည်။ ဝက်စ်ဟမ်းနှင့် ဝီဂန် တို့တွင် ဝက်စ်ဟမ်းက ၅၉ဂိုး အသွင်းခံ ထားရပြီး ဝီဂန်က ၅၈ဂိုး အသွင်းခံထား ရသည်။ သွင်းဂိုးတွင် ဝက်စ်ဟမ်းတို့က ၃၄ဂိုးနှင့် ဝီဂန်တို့က ၃၅ဂိုးရှိနေသည်။

အကျိုးခံစားခွင့်

အဝေးကွင်း ရဂိုး၊ ပေးဂိုးတွင် ဝီဂန် တို့က သာလွန်နေသော်လည်း ဝက်စ်ဟမ်း တို့၏ ကြိုးစား အားထုတ်မှု ကောင်း လျှင်အကျိုးခံစားခွင့်ရရှိသွားနိုင်သည်။ သို့သော် တန်းဆင်းဇုန် အတွင်းမှ လွတ်မြောက်ရေးတွင်မူ ဝက်စ်ဟမ်း တို့က အလေးသာနေပြီ ဖြစ်သည်။

ကျော်လွှားဖွယ်

ဝက်စ်ဟမ်းတို့က ၂၀၀၃–၂၀၀၄ နှင့် ၂၀၀၄–၂၀၀၅တို့၌ တန်းဆင်း သွားခဲ့ဖူးသည်ဖြစ်ရာ ယင်းအဖြစ်ကို ယခုနှစ်၌ကျော်လွှားနိုင်မည်ဖြစ်သည်။ ဝက်စ်ဟမ်းသည် မန်ယူနှင့်သရေကျ လျှင်ပင် တန်းဆင်းရမည် မဟုတ်ပါ ကြောင်း။ ။ **(ကိုးကား–အင်တာနက်)**

အင်တာနက် အားကစားသတင်း အတိုအထွာ

✳ မန်ယူတို့ယခုနှစ် ဆွတ်ခူးလိုက်သော ပရီမီယာလိဂ်ဖလားသည် အသန့်ရှင်းဆုံး ဆုဖလားဖြစ်ကြောင်း နည်းပြ ဖာဂူဆန်က ပြောကြား လိုက်သည်။

✳ **မန်ယူတို့ ကိုးကြိမ်မြောက် ပရီမီယာလိဂ်ဖလား ဆွတ်ခူးလိုက်နိုင် ခဲ့မှုကြောင့် ဒေးဗစ်ဘက်ခမ်းက ဆရာဟောင်း ဖာဂူဆန်အား ချီးကျူးစကား ဆိုလိုက်သည်။**

✳ ပရီမီယာလိဂ်ဖလားဆွတ်ခူးသွားသော မန်ယူတို့ ယခုနှစ်နွေရာသီတွင် အာရှသို့ လှည့်လည်ကစားမည့် အစီအစဉ်ကို ပယ်ဖျက်ပေးရန် အာရှ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ မိုဟာမက်ဘင်ဟမ်မန်က ဆော်ဩ လိုက်သည်။

✳ **မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် ထိုင်းတို့သည် ဇူလိုင် ၇ရက်မှ ၂၉ရက်အထိ အာရှဖလားဘောလုံးပြိုင်ပွဲများကို ပူးတွဲအိမ်ရှင် အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။**

✳ ချယ်လ်ဆီး တိုက်စစ်မှူး ရှက်ဗ်ချင်ကိုသည် အူကျ၍ ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်သဖြင့် အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် ပါဝင်နိုင်မည် မဟုတ်ကြောင်း သိရသည်။

(အင်တာနက်)

မန်ယူ နောက်ထပ်ချန်ပီယံဆုဆွတ်ခူးရေး အသင်းပိုင်ရှင်ဂလေဇာ ကူညီအားပေး

စုစည်းတင်ပြသူ – မြင့်မောင်စိုး

မန်ယူ အသင်းပိုင်ရှင်များ။ (ဓာတ်ပုံ–အင်တာနက်)

လန်ဒန် မေ ၈

ဂလေဇာမိသားစုက အိုးထရက်ဖို့ဒ်ကို လွှဲပြောင်းယူခဲ့ခြင်းကြောင့် မန်ယူတို့ နောက်ထပ် ပရီမီယာလိဂ်ဖလား ဆွတ်ခူးနိုင်ရန် အထောက်အကူ ဖြစ်စေလိမ့်မည် ဖြစ်ကြောင်း မန်ချက်စတာယူနိုက်တက် အမှုဆောင်အရာရှိ ဒေးဗစ်ဂေးလ်က ပြောကြားလိုက်သည်။

အမေရိကန်သူဌေး ဂလေဇာက ၂၀၀၅ခုနှစ် နွေရာသီတွင် မန်ယူအသင်းကို ဝယ်ယူခဲ့ပြီးနောက် မန်ယူတို့တည်ငြိမ်မှုရလာပြီး ယင်းမှ အကျိုး အမြတ်များစွာ ရရှိခဲ့ကြောင်း ဒေးဗစ်ဂေးလ်က ပြောကြားသည်။

ပေးထား

မန်ယူအသင်းကို ဂလေဇာပိုင်သွားပြီးနောက် ဘောလုံးနှင့်ပတ်သက်သော နယ်ပယ်အရပ်ရပ်တွင် နည်းပြဖာဂူဆန်အား လုပ်ပိုင်ခွင့်အပြည့်အဝ ပေးထား ခဲ့သည်။ ထို့ကြောင့်လည်း နည်းပြဖာဂူဆန်သည် ၂၀၀၂ ခုနှစ်တွင် အနားယူ ရန် မဆုံးဖြတ်တော့ဘဲ မန်ယူကို လေးနှစ်အတွင်း ပရီမီယာလိဂ်ဖလားရယူ ပေးနိုင်ခဲ့သည်။ မန်ယူတို့ ၂၀၀၃ ခုနှစ်မှစပြီး ခြေစွမ်းရှိသည့် လူငယ်ဘောလုံး သမား ၁၂ဦးဝယ်ယူဖြည့်ဆည်းခဲ့မှုကြောင့် လွန်ခဲ့သော သုံးနှစ်ကထက် မန်ယူသည် တောင့်တင်းခိုင်မာပြီး အောင်မြင်မှုများရရှိခဲ့ကြောင်း ဂေးလ်က ပြောကြားသည်။

(အင်တာနက်)

ဘော်လ်တန် နည်းပြဟောင်း နယူးကာဆယ် နည်းပြဖြစ်လာ

လန်ဒန် မေ ၈

နယူးကာဆယ်အသင်းနည်းပြ ဂလင်းရိုဒါ မေ ၆ရက်က နုတ်ထွက် သွားပြီးနောက် ဘော်လ်တန်အသင်း နည်းပြဟောင်း ဆမ်အော်လာဒိုက်အား နယူးကာဆယ်အသင်း မန်နေဂျာသစ်အဖြစ် ခန့်အပ်လိုက်သည်။

တက်ရောက်နိုင်

အော်လာဒိုက်သည် ဧပြီ ၂၉ရက်က ဘော်လ်တန်အသင်း မန်နေဂျာ အဖြစ်မှ နုတ်ထွက်ခဲ့သည်။ ၎င်းသည် ဘော်လ်တန်အသင်းကို ကိုင်တွယ်စဉ် ကာလအတွင်း ဘော်လ်တန်တို့ လိဂ်ဖလားဗိုလ်လုပွဲအထိရောက်အောင် ပို့ဆောင် ပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

နယူးကာဆယ် နည်းပြသစ် ဆမ် အော်လာဒိုက်။ (ဓာတ်ပုံ– အင်တာနက်)

ဧပြီလအတွက် အကောင်းဆုံး ဘောလုံးသမားဆု ရော်ဘီကိန်းနှင့် ဘာဘာတော့ဗ် ဆွတ်ခူး

အကောင်းဆုံး ဘောလုံးသမား ဆုရ ရော်ဘီကိန်းနှင့် ဘာဘာတော့ဗ်။ (ဓာတ်ပုံ–အင်တာနက်)

လန်ဒန် မေ ၈

တော့တင်ဟမ်အသင်း တိုက်စစ်မှူးများဖြစ်သည့်ရော်ဘီကိန်းနှင့် ဘာဘာ တော့ဗ်တို့သည် ဧပြီလအတွက် ပရီမီယာလိဂ်တွင် အကောင်းဆုံး ဆုများ ပူးတွဲ ဆွတ်ခူးနိုင်ခဲ့သည်။

ယင်းတို့အတွဲသည် ဧပြီလအတွင်း ကစားခဲ့သည့်ပွဲ ငါးပွဲတွင် ရှစ်ကြိမ်တိုင် အတွဲညီညီ အတိုင်အဖောက်ကစားပြီး ဂိုးသွင်းယူပြသနိုင်ခဲ့ကြသည်။

သွင်းယူ

ဘာဘာတော့ဗ်က မစ်ဒယ်ဘရော့နှင့် ဝီဂန်တို့ပွဲတွင် ခြေစွမ်းပြ ဂိုးများ သွင်းယူခဲ့ပြီး ရော်ဘီကိန်းက အခြားပြိုင်ပွဲ၌ ခြောက်ဂိုး သွင်းယူပြသနိုင်ခဲ့သည်။

အဆိုပါ တော့တင်ဟမ်တိုက်စစ်မှူးများသည် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ လက အာဆင်နယ်မှ ဒင်းနစ်ဘားကင့်မ်နှင့် အီဒူတို့ပြီးနောက် ပူးတွဲအကောင်းဆုံး ဘောလုံးသမားဆုများ ဆွတ်ခူးနိုင်ခဲ့ကြသည့် ပထမဆုံးသော တိုက်စစ်မှူးများ ဖြစ်ကြသည်။ **(အင်တာနက်)**

လက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်တိုးထွန်း** ၁၂/အစန(နိုင်) ၁၁၆၈၂၃

(Electrical Engineer PCL Co.,Ltd.)

နှင့်

ကျွန်မ **မဇာနည်အောင်** ၁၂/မရက (နိုင်) ၀၂၃၂၄၇

M.Sc (Phys)

တို့သည်

နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၂၀၀၇ ခုနှစ်၊
မေ ၂၆ ရက်တွင် ရန်ကုန်မြို့ တရားရုံးချုပ် ညွှန်ကြားရေးမှူး ဦးဇော်ဝင်း၏
ရှေ့မှောက်၌ ကတိသစ္စာပြု၍
လက်မှတ်ရေးထိုး တရားဝင်လက်ထပ်ပြီးစီးပါကြောင်း။

မောင်တိုးထွန်း-မဇာနည်အောင်။

မွေးနေ့မင်္ဂလာဆုတောင်း

ချစ်သော သမီး **နန်းဟွမ်နွန်းအေး** ၏ ၉-၅-၂၀၀၇ရက်တွင် ကျရောက်မည့် (၈)နှစ်ပြည့်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ဖွယ်ရာ မွေးနေ့ပေါင်းများစွာဖြင့် ချစ်သောမိသားစုနှင့်အတူ အောင်မြင်သော ဘဝခရီးလမ်းတစ်လျှောက် သာယာချမ်းမြေ့စွာ အစဉ် လျှောက်လှမ်းနိုင်ပါစေ။

တိုက်ခတ်လာသောလောကဓံတရားများကို တုန်လှုပ်တွေဝေခြင်းကင်းစွာဖြင့် ကြံ့ကြံ့ခိုင်ရင်ဆိုင်ကျော်ဖြတ်၍ မွန်မြတ်သာယာသည့် ဂုဏ်သိက္ခာရှိဘဝ အဖြစ် ဖန်တီးနိုင်စွမ်းရှိသော လူရည်သန့်၊ လူရည်မွန်ပညာတတ်သော လူတစ်ယောက်ဖြစ်အောင် ကြိုးစားစွမ်းဆောင်၍ မွေးနေ့မင်္ဂလာရာကျော် တိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ချစ်သောဖေဖေ-ဦးစိုင်းဉာဏ်(ရန်ကုန်) **ချစ်သောဘိုးဘိုး**-ဦးလုံးစိန်တိ
ချစ်သောမေမေ-ဒေါ်ဂျူလိုင်(ရန်ကုန်) **ချစ်သောဘွားဘွား**-ဒေါ်ပါအိမ်
ချစ်သောမမ-နန်းဆိုင်ဖောင်းတစ်ပ်၊နန်းဆီဖောင်းတစ်ပ်၊
ချစ်သောကြီးမေ-ဒေါ်ပါလွတ်၊ ဒေါ်နန်းခမ်းရွတ်၊
ချစ်သောညီမလေး-နန်းစံတစ်ပ်၊
သမီး-နန်းဟွမ်နွန်းအေး၊

အမှတ်၃၄၆၊ဝမ်ကျောင်းရပ်၊မယ်ဆွယ်မြောက်ရပ်ကွက်၊
မိုင်းဆတ်မြို့၊ရှမ်းပြည်နယ်(အရှေ့ပိုင်း)။

ပြည်ပအလုပ်အကိုင်ကြော်ငြာ

၁။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၌ မှတ်ပုံတင်ထားသော T & Y Enterprise ၏ စီစဉ်မှုဖြင့် စင်ကာပူနိုင်ငံ ဆိပ်ကမ်းအာဏာပိုင်၊ PSA Corporation တွင် တာဝန်ထမ်းဆောင်ရန် ကွန်တိန်နာနောက်တွဲယာဉ်ကြီး မောင်း(PMD)များ အလိုရှိပါသည်။

(က) လိုအပ်သောဦးရေ - အမျိုးသား(၅၀)
(ခ) အသက် - ၂၀ မှ ၄၀ နှစ်
(ဂ) ပညာအရည်အချင်း - အခြေခံပညာအထက်တန်း အောင်မြင်ပြီးဖြစ်ရမည်။
(ဃ) အခြားလိုအပ်ချက် - ပေ၄၀ ကွန်တိန်နာနောက်တွဲယာဉ်ကြီးများအား ကျွမ်းကျင်စွာ မောင်းနှင်တတ်ရမည်။
- "င" အဆင့် (အနီ) ယာဉ်မောင်းလိုင်စင် ရှိရမည်။
- အင်္ဂလိပ်စကားကျွမ်းကျင်စွာ ပြောဆိုတတ်ရမည်။
- ကွန်တိန်နာယာဉ်မောင်းကျွမ်းကျင်မှုနှင့် အင်္ဂလိပ်စကား ပြောကျွမ်းကျင်မှုလက်တွေ့ စစ်ဆေးမည်။

၂။ လျှောက်ထားမည့်သူများသည် T & Y Enterprise ရုံး၊ အခန်း ၀၂-၀၃ (ပထပ်)၊ အာရှပလာဇာရှော့ပင်းစင်တာ၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်သို့ လူကိုယ်တိုင်လာရောက်ပြီး သတ်မှတ်ပုံစံဖြင့် ၁၂-၅-၂၀၀၇ ရက်စွဲနောက်ဆုံးထား၍ လျှောက်ထားရပါမည်။

၃။ အလုပ်အကိုင်ဆိုင်ရာ အသေးစိတ်အချက်အလက်များကို အထက်ဖော်ပြပါလိပ်စာနှင့် တယ်လီဖုန်း-၇၂၇၇၄၇ သို့ ဆက်သွယ်သိရှိနိုင်ပါသည်။

အမည်ပြောင်း

သုဝဏ္ဏမြို့၊ (၂၉)ရပ်ကွက်၊ ကောက်လျှင်လမ်း၊ တိုက် ၁၆၆၊ အခန်း ၆ နေ ဦးသက်နိုင်၏ သမီး မပြည့်ဖြိုးသက်အား ယနေ့မှစ၍ မခိုင်ဇင်သက်ဟုပြောင်းလဲခေါ်ပါရန်။**မခိုင်ဇင်သက်။**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်မျိုးတင့်(ISN ၄၂၂၅၅၁)သည် မိခင်ဖြစ်သူအား အကြိမ်ကြိမ်အခါခါ စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ ခွင့်မလွှတ်နိုင်သောကိစ္စရပ်များ ကျူးလွန်ခြင်းတို့ကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

မိခင်-ဒေါ်ရင်မြင့်
၁၂/မဂဒ(နိုင်)၀၄၅၆၉၇
အမှတ် ၈၉၊ ၄ လမ်း၊ အိမ်ခြေ ၁၀၀၊ ပလရ၊ ဝါယာလက်၊
မင်္ဂလာဒုံမြို့နယ်။

မွေးနေ့ဆုတောင်း

ချစ်သားငယ် **ကျော်ဇေလင်း** Final Part 1, U.M.1 ၏ ၉-၅-၂၀၀၇ ရက်တွင်ကျရောက်သော မွေးနေ့မှသည် စိတ်၏ချမ်းသာခြင်း ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပျော်ရွှင်ဖွယ် မွေးနေ့များစွာကို ရယူပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်တဲ့ဖေဖေနှင့်မေမေ
မမ ပပ B.A(English) MS
(Computer and Engineering Management)
ကိုကို ဗိုလ်ဝဏ္ဏရန်အောင်
B.E(Mechanical)။

ကျေးဇူး ဆပ်ပါမည်

ကျွန်တော် ဝင်းထွန်း၏ နိုင်ငံကူးလက်မှတ် အမှတ် ၁၀၅၀၉၆ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၅၁-၇၂၀၂၅။**

ဖခင် အမည်မှန်

ပဲခူးတိုင်း၊သဲကုန်းမြို့နယ်၊ပုတီးကုန်းမြို့နေ မရီရီရွှေ ၇/သကန(နိုင်)၀၇၅၄၉၈၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဆွေ(ခ) ဦးမြင့်ရွှေဖြစ်ပါကြောင်း။ **မရီရီရွှေ။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်ပ/၁၅၄၅ Toyota Hilux P/U(4x2) လက်ဝယ်ရှိသူ အမည် ဦးဝင်းဇံ မှတ်ပုံတင်အမှတ်၁၁/စတန(နိုင်)၀၀၇၈၆၅က ယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)ရုံး၊ သင်္ဃန်းကျွန်းမြို့နယ်။

SUCCESS & SUCCESS INTERNATIONAL LIMITED

(For Local Service Only)

... is looking for highly motivated, dynamic and result oriented individuals to fill in the following key positions

All positions require that applicant can speak and understand Myanmar and English language and has basic computer skills.

National Sales Manager **Male (1) Post**
- Not more than 35 yars old
- Graduate of Sales & Marketing or Business Management
- minimum of 5 years experience as a Sales Supervisor preferably in a Pharma company
- Familiar with Myanmar's pharma wholesalers and retailers trade outlets and the Pharmaceutical Industry as whole

Distribution Center Manager **Female (1) Post**
- Not more than 40 years old
- Graduate of Industrial Engineering, Business Management or other related fields
- Knowledgeable with all aspects of warehousing, inventory management, time studies, and logistics
- At least 3 years work experience in overall Warehouse Management & Systems

Assistant Distribution Center (DC) Manager **Male/ Female (1) Post**
- Not more than 40 years old
- Graduate of Industrial Engineering, Business Management or other related fields
- Knowledgeable with all aspects of warehousing, inventory management, time studies, and logistics
- At least 2 years work experience in managing a warehouse

Regional Sales Supervisors **Male (1) Post**
- Not more than 35 years old
- Graduate of Sales & Marketing, Business Management or other related fields
- Familiar with Myanmar Pharmaceutical business, Major Pharma wholesalers and retailers
- Minimum of 3 years experience as supervisor preferably in a Pharma company
- Must be willing to travel and be assigned in any parts of Myanmar

Sales Representatives
- Not more than 35 years old
- Graduate of Sales & Marketing, Business or Management
- Familiar with Myanmar Pharmaceutical business, Major Pharma wholesalers and retailers
- Minimum of 1 year experience in Sales preferably in a Pharma company
- Must be willing to travel and be assigned in any parts of Myanmar

Systems/Database Administrator **Male/Female (1) Post**
- Not more than 35 years old , Graduate of Information Technology
- Minimum of 1-year experience in systems and database administration
- Has a broad knowledge of operating systems, programming languages and hardware.
- Troubleshoots problems with networks, web services, mail services and other aspects of an ASP solution.
- Knowledgeable in the use of report writers (Infomaker, Crystal, Cognos), Willing to travel

Chief Accountant, CPA **Female (1) Post**
- Not more than 35 years old, Graduate of B.Com(CPA)
- Minimum of 3 years work experience in Finance Management, Financial Reports i.e. Balance Sheet, Profit & Loss Report, etc.

Interested applicants are requested to mail Curriculum Vitae to
P.O. Box (114) within 7 days from this advertisement
Please send the following: Curriculum Vitae (CV) with two (2) passport size pictures and photocopies of the following documents:
Graduation Certificate, National Registration card, Labor Registration card, Police Clearance, Household Census lists

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ကက/၆၆၆၀၊ Toyota Conora၊ S/L ယာဉ်လက်ဝယ်ရှိသူအမည် ဦးသိန်းအောင် မှတ်ပုံတင်အမှတ် ၁၂/ဥကတ (နိုင်)၀၃၈၇၀၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ အရှေ့ပိုင်းခရိုင်ရုံး (ရန်ကုန်မြို့)။**



သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့နယ်၊ စမ်းမြသီတာရပ်ကွက်၊ မြသီတာလမ်း၊ အမှတ် ၉၃ နေ ကျွန်တော် ကျွန်မ၏သား မောင်တင်နိုင် MME-၆၅၀၀၄၀ သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက်နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းမည်မဟုတ်ပါ။ **ဖခင်-ဟာဂျီဦးနိုင်ဝင်း**
မှတ်ပုံတင်အမှတ် ၁၀/ကမရ(နိုင်)၀၆၂၄၂၅။

အမည်ပြောင်း

ဦးသန်းထိုက်-ဒေါ်တင်မာကြည်တို့၏သားများဖြစ်သော အထက (၁) ဒလ တက္ကသိုလ်ဝင်တန်းမှ မောင်ဇင်ကိုထိုက်အား မောင်ဇော်ရဲထိုက်ဟု လည်းကောင်း၊ အထက(၁) နေပြည်တော် သတ္တမတန်းမှ မောင်အောင်ရဲထိုက်အား မောင်အောင်သိန်းထိုက်ဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။ **မောင်ဇော်ရဲထိုက်၊**
မောင်အောင်သိန်းထိုက်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ မြန်မာနိုင်ငံကူးလက်မှတ် အမှတ် PP[(၇၄၂၅၀၃)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ကိုဝဏ္ဏစိုး ဖုန်း-၀၉-၅၁-၇၅၉၆၁။

သင့် သွေးဖြင့် အသက် ကယ်ပါ

ပန်းအလှမျိုးထောင်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၈

တောင်ဂူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကန်တော်ကြီး ပန်းဥယျာဉ်အတွင်း ပန်းအလှပင်များပျိုးထောင်ထားရှိမှုနှင့် မြေယာရှုခင်းအလှဆောင်ရွက်ထားရှိမှု အခြေအနေတို့ကိုမတ် ၂၉ရက်က အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ် ကြည့်ရှုစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်တင်ဌေးဝင်းနှင့် ဦးအောင်သူဝင်းတို့က ရှင်းလင်း တင်ပြခဲ့ကြောင်း သိရသည်။ **(က-ပ)**

ပြည်မြို့ တိုင်းပြည်လုံးချမ်းသာ ဆုတောင်းပြည့် ဆယ်ထပ်ဘုရား မျက်လုံးတော်၊ နဖူးသင်းကျစ်တော်နှင့် ဥဏ္ဏာလုံမွေးရှင်တော်ဆက်ကပ်

ပြည် မေ ၃

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ တိုင်းပြည်လုံးချမ်းသာ ဆုတောင်းပြည့် ဆယ်ထပ်ဘုရားကြီး မျက်လုံးတော်(အသစ်)၊ ရွှေစင်ရွှေသား နဖူးသင်းကျစ်တော် (အသစ်)၊ ဥဏ္ဏာလုံမွေးရှင်တော် ရွှေသင်္ကန်းတော်နှင့် ဘက်စုံရောင်တော်ဖွင့် တင်လှူဆက်ကပ်ပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၃၀ရက် နံနက် ၈နာရီက ဆယ်ထပ်ဘုရားကြီး ပရိဝုဏ်တွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ဖွင့်လှစ်ပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်နှင့် ဧည့်ပရိသတ်တို့က ဆယ်ထပ်ဘုရားကြီး ဩဝါဒါစရိယ ဝေပုလ္လဆရာတော်ကြီးထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ချည်၊ ပရိတ်သဲများကို ဆရာတော်ကြီးများထံ ဆက်ကပ် လှူဒါန်းကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူ၍ ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ချည်၊ ပရိတ်သဲများကို ရုပ်ပွားတော်ရင်ပြင်တော်သို့ ပက်ဖျန်းချည်နှောင်ကြသည်။

ဖတ်ကြား

ထို့နောက် ဆယ်ထပ်ဘုရားကြီး ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးကြည်ဝင်းက သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို ဖတ်ကြား လျှောက်ထားပြီး တိုင်းဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်နှင့် တာဝန်ရှိသူများသည် ဘုရားကြီးကို ဆက်ကပ်ပူဇော်ရန် ရွှေစင်ရွှေသား၊ နဖူးသင်းကျစ်ပန်း အဝိုင်းတော်၊ ရွှေစင်ရွှေသား ဥဏ္ဏာလုံမွေးရှင်တော်နှင့် ရတနာပစ္စည်းများကိုလည်းကောင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း၊ ဩဝါဒဆရာတော်ကြီးများထံ ဆက်ကပ် လှူဒါန်းကြသည်။

ရေစက်ချ

ထို့နောက် ဝေပုလ္လဆရာတော်ကြီးက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

တင်လှူပူဇော်

ဆက်လက်၍ ရွှေစင်ရွှေသား နဖူးသင်းကျစ်ပန်း အဝိုင်းတော်နှင့် ရွှေစင်ရွှေသား ဥဏ္ဏာလုံမွေးရှင်တော်တို့ကို တိုင်းဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်က ဦးစီးပင့်ဆောင်ပြီး ရင်ပြင်တော်တွင် လက်ယာရစ် သုံးကြိမ် လှည့်လည်ပူဇော်၍ **(အပေါ်ဝဲပုံ)** ပြည်သူများ၏ အပူဇော်ကိုခံယူပြီး မင်္ဂလာပန်းရထားဖြင့် ဘုရားကြီး၏ မျက်နှာတော်သို့ ဆက်ကပ်တင်လှူပူဇော်ကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **(၄၀၃)**

ရွှေတောင်မြို့ ဆုတောင်းပြည့် ရွှေမျက်မှန်ဘုရား ဘုံနန်းပြာသာဒ်တည်ဆောက်ရေး အလှူငွေများပေးအပ်

ရွှေတောင် မေ ၃

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့ရှိ ဆုတောင်းပြည့် ရွှေမျက်မှန်ဘုရားကြီး၏ ဂန္ဓကုဋိတိုက်ဘုံနန်းပြာသာဒ်တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၃၀ရက် နံနက် ၉နာရီက ရွှေမျက်မှန်ဘုရားကြီး ဂန္ဓကုဋိတိုက်အတွင်း၌ ကျင်းပရာ အလှူရှင်ဒေါ်ကြင်စိန်၊ သား မောင်ဝင်းဇော်၊ သမီး မသင်းသင်းဆွေ အမှတ် (၁၆) ဦးစံဖေလမ်း သဃ်န်းကျွန်းမြို့နယ်က ငွေကျပ် နှစ်သိန်း၊ အရှင်ပညာဇောတ (ဓမ္မာစရိယ) ရွှေလရောင်စာသင်တိုက် ကျောက်တန်းရွာ ရွှေတောင်မြို့က ငွေကျပ် ၁၀၄၅၅၀၊ ဦးသန်းဆွေ–ဒေါ်သက်ထား သန်လျင်တံတားအိမ်ရာ သာကေတက ငွေကျပ် တစ်သိန်း၊ ဦးအောင်ငြိမ်း–ဒေါ်ရင်ရင်ပြည့်၊ သမီး မခင်လှပြည့်ဝင်း ရန်ကုန်မြို့ကငွေကျပ် ၁၀၀၀၀၀၊ ဦးနေဝင်း မျက်မှန်ဆိုင် (ကွန်ပျူတာမျက်စိ အထူးစမ်းသပ်ခန်းနှင့်မျက်မှန်အရောင်းဆိုင်) (၉)ရပ်ကွက် အင်းစိန်လမ်းမကြီး လှိုင်မြို့နယ်က ငွေကျပ် ၂၅၀၀၀၀ကို အသီးသီးပေးအပ်လှူဒါန်းကြရာ ဆုတောင်းပြည့် ရွှေမျက်မှန်ဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဆွေက လက်ခံယူကြောင်း သိရသည်။ **(အပေါ်ပုံ) (၁၁၆)**

မြို့နယ် သတင်းများ

ဆေးဝါးများလှူဒါန်း

ဧပြီ ၁၇ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ဦးစီးကျင်းပသည့် နှစ်သစ်ဦး မင်္ဂလာသင်္ကြန်ပူဇော်ကန်တော့ပွဲ အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အေးမြစီ ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင်များက အဘိုး၊ အဘွား ၁၈ ဦးအား ငွေနှင့် ဆေးဝါးများဖြင့် လှူဒါန်းကန်တော့ကြစဉ်။ (၀၄၈)

မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် ဟိုပင်မြို့ အုပ်ချုပ်ရေးမှူး ဦးစိုင်းမင်းကိုတို့က မြို့သာယာ–အင်းလေး လမ်းပေါ်ရှိ ကျေးလက်တံတားဆောက်လုပ်ပြီးစီးမှုကို မတ် ၁၀ရက်ကကြည့်ရှုစစ်ဆေးရာ တာဝန်ခံဦးသိန်းထူးက ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

ယဉ်ကျေးမှုနှင့် ပညာဒါနသင်တန်းဖွင့်ရန်ပုံငွေနှင့် မဂ္ဂဇင်းစာစောင်များ လှူဒါန်း

ပျဉ်းမနား မေ ၃

ပျဉ်းမနားမြို့ သရက်ကုန်းကျောင်းတိုက်၏ ဦးစီးပဓာန နာယက မြို့နယ်သံဃနာယက အဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တကုမာရ စီစဉ်ကြီးကြပ်၍ အလင်းပွင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကော်မတီက ဖွင့်လှစ်သော ပထမအကြိမ် ယဉ်ကျေးမှုနှင့် ပညာဒါန သင်တန်းဖွင့်ပွဲကို ဧပြီ ၂၁ရက် နံနက် ၈နာရီက အဆိုပါကျောင်းတိုက်တွင်ကျင်းပရာ ဦးစီးပဓာန နာယကဆရာတော်က ဩဝါဒစကား မိန့်ကြားသည်။

အခမ်းအနားတွင် ဆရာထက်ခေါင်(ရဲမှူးကြီးဝင်းခေါင်)၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစံကောင်းနှင့် ကျေးရွာဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြပြီး အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ) သဒ္ဓမ္မဇောတိကဓဇ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း ဆရာတော်က ပညာဒါနရန်ပုံငွေအတွက် မတည်ငွေကျပ် တစ်သိန်း၊ ဦးမြဟန် မြတနာမိသားစုနှင့် စာရေးဆရာ ရဲရဲတို့က အလှူငွေကျပ် ၅၀၀၀စီ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များနှင့် ဂျာနယ်သတင်းထောက်များက ဂျာနယ်မဂ္ဂဇင်းစောင်ရေ ၄၃၀တို့ကို ပေးအပ်လှူဒါန်းသည်။ အဆိုပါသင်တန်းသို့ ပြူတွင်းကျေးရွာမှ အထက်တန်းကျောင်းသား၊ ကျောင်းသူ ၁၁၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(၁၀၁)**

ကျေးရွာအုပ်စုလုံးကျွတ် ဗဟိုအသိအမှတ်ပြု မြင်းမူ၌ စာကြည့်တိုက် မှတ်ပုံတင်ပေးအပ်

မြင်းမူ မေ ၃

စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စီစဉ်ကျင်းပသည့် ကျေးရွာအုပ်စုလုံးကျွတ် ဗဟိုအသိအမှတ်ပြု စာကြည့်တိုက်မှတ်ပုံတင်ပေးအပ်ပွဲကို ဧပြီ ၂၃ရက် နံနက် ၁၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေပြည်သစ်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက အမှာစကား ပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညိုအုန်းက ကျေးရွာအုပ်စုလုံးကျွတ် ဗဟိုအသိအမှတ်ပြု စာကြည့်တိုက် မှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လက်ခံ

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်း၊ အတွင်းရေးမှူး ဒေါ်မြင့်မြင့်စန်းနှင့်မြို့နယ်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူး ရန်အောင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးညိုအုန်းတို့က ကျေးရွာအုပ်စုလုံးကျွတ် ဗဟိုအသိအမှတ်ပြု စာကြည့်တိုက် မှတ်ပုံတင်ပေးအပ်ကြရာ ကျေးရွာအုပ်စု ၅၂အုပ်စုမှ ကျေးရွာဥက္ကဋ္ဌတို့က လက်ခံယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မော်လမြိုင်မြို့ ကျိုက်သလွံ စေတီ ပရိဝုဏ်အတွင်း ပြုပြင်ရန်အတွက် ဧပြီ ၂၈ရက်က အလှူရှင် မော်လမြိုင်မြို့ လှိုင်ဈေးလမ်းနေ ဦးလှဖေ– ဒေါ်ကြည်မိသားစုက ငွေကျပ် နှစ်သိန်း လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။ (၁၆၈)

ကျောက်ကြီးမြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဖွင့် ရာသက်ပန်အသင်းဝင် ကတ်ပြားများ ပေးအပ်

ကျောက်ကြီး မေ ၂

ကျောက်ကြီးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ် (၂) ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၀ ရက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမိုးဦးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ထွေးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အခြားလူမှုရေးအဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ထွေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး **(အောက်ပုံ)** ရာသက်ပန် အသင်းဝင် ၃၈ ဦးအား အသင်းဝင်ကတ်ပြားများ ပေးအပ်သည်။

သင်တန်းကာလ

အဆိုပါစက်ချုပ်သင်တန်း ကာလမှာ ဧပြီ ၂၀ ရက်မှ ဇွန် ၅ ရက် အထိ ၄၅ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မန္တလေးမှ ဆောင်ရွက်သော မြန်မာ့ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်း (ဗုဒ္ဓဘာသာ ပညာရေးဗိမာန်တော်ကြီး)အတွက် နှစ်ဖက်သော မိဘများအား အမှူးထား၍ မြိတ်မြို့ ထားဝယ်ကမ်း လမ်းမကြီး အမှတ် (၉၂)နေ မောင်သိန်းဦး-မဝင်းစိုးရှိန်တို့က မင်္ဂလာဦးအလှူအဖြစ် ငွေကျပ် တစ်သိန်းကို လှူဒါန်းရာ အကျိုးဆောင် ဦးခင်မောင်သန်းက လက်ခံပြီး ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ အရှင်ရာဇိန္ဒ(နာလန္ဒာ)က ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်စဉ်။ (က-ပ)

နမ့်ဆန်မြို့၌ ပင်မရေပိုက်လိုင်း ရေထိန်းတံခါးဖွင့်

နမ့်ဆန် မေ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ဆန်မြို့ ရေပေးရေး ပိုက်လိုင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၂ရက်က မြို့ကျက်သရေဆောင်ခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းလွင်နှင့် အမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့်တို့က ရေပိုက်လိုင်းသစ် ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အမှုဆောင်အရာရှိက ပင်မရေပိုက်လိုင်း ရေထိန်းတံခါးကို ဖွင့်လှစ်ပေးသည်။

အဆိုပါ ရေပိုက်လိုင်းသစ်သည် အရှည်ပေ ၁၅၇၀၀ဖြစ်ပြီး နိုင်ငံတော်ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးအဖွဲ့ ထည့်ဝင်ငွေနှင့် ပြည်သူများထည့်ဝင်ငွေ စုစုပေါင်းငွေကျပ် ၁၉၉ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်း စမ်းချောင်း မြို့နယ် မြေနီကုန်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်အတွင်း ကုန်းတော်မြတ်နေရာ၌ ဗုဒ္ဓဂယာ အောင်မြေဗောဓိ မဟာဗောဓိစေတီတော်မြတ် ပုံစံတူ ဗုဒ္ဓဂယာ မဟာဗောဓိသိမ်တော်မြတ် စေတီတော်တည်ထား ကိုးကွယ်ဆောက်လုပ်

ရန်အတွက် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အမှတ်၁၆(အေ) အခန်း(၅) မကြီးကြီးလမ်းနေ မိခင်ကြီး ဒေါ်စန်းမြင့်၏ (၇၀)နှစ်ပြည့် မွေးနေ့အလှူတော်မြတ်အတွက် သမီးများဖြစ်ကြသော ဒေါ်သီတာသိန်း၊ ဒေါ်ဖြူဖြူသိန်း၊ ဒေါ်ညိုညိုသိန်းတို့က အလှူတော်ငွေကျပ် တစ်သိန်းကို မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း ဘဒ္ဒန္တဉာဏိန္ဒ(ဗုဒ္ဓဂယာ ဆရာတော်) အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဗုဒ္ဓဂယာ မြန်မာကျောင်း ပဓာနနာယကဆရာတော် အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြင်းခြံခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကြီးမှူး ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးပညာပေး

မြင်းခြံ ဧပြီ ၂၂

မြင်းခြံခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူး၍ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ ပညာပေးရှင်းလင်းပွဲ အခမ်းအနားကို ဧပြီ ၅ ရက်က မြင်းခြံမြို့ မဏိကဥ္စနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းအောင်နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမွေးမြူရေးအသင်းအဖွဲ့ချုပ်မှ ပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကြက်၊ ဘဲ မွေးမြူရေးခြံပိုင်ရှင်များနှင့် အသားထုတ်လုပ်ရောင်းချသူများ တက်ရောက်ကြသည်။

ကြိုတင်ကာကွယ်

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးလှမိုး၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာဒေါ်လှဲ့လှဲ့မူသိန်းတို့က အဖွင့်အမှာစကားများ ပြောကြားပြီး မြင်းခြံခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးဝင်းက ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေးဆိုင်ရာ လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းတင်ပြ ဆွေးနွေးသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးလှမိုးနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးစန်းအောင်တို့က လူမှုရေးအသင်းအဖွဲ့များသို့ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြသည်။ (၄၀၂)

မြို့နယ် သတင်းများ

ဧပြီ၂၄ရက်က တောင်တွင်းကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မောင်းတိုင်(၂)ရပ်ကွက် ထူပါရုံလမ်းတံတားအုတ်ခုံသစ်သား တံတားတည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြား ရေးမှူးဦးကျော်သူ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် စည်ပင်)

စုပေါင်းဒုလ္လဘရဟန်းခံနှင့် သီလရှင်ဝတ်ပွဲ စဉ့်ကူးမြို့၌ ကျင်းပ

စဉ့်ကူး ဧပြီ ၃၀

စဉ့်ကူးမြို့ မဟာဗောဓိရွှေကျောင်းတိုက်၌ မဟာသကြိန်ရက်တွင် ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတေဇဝန္တ ဦးစီးပြီး အလှူရှင်၊ ကုသိုလ်ရှင် တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ဒုလ္လဘရဟန်းခံပွဲနှင့် သီလရှင်ဝတ်ပွဲကို ဧပြီ ၁၃ရက် နံနက်က ကျင်းပသည်။(အပေါ်ပုံ)

ဆက်ကပ်

အဆိုပါ စုပေါင်း ဒုလ္လဘရဟန်းခံပွဲနှင့် သီလရှင်ဝတ်ပွဲတွင် အလှူရှင်ဦးစီး ပဓာနနာယကဆရာတော်နှင့် အလှူရှင်မိသားစုတို့က ပင့်သံဃာတော်များနှင့် ဒုလ္လဘ ရဟန်း ၅၁ပါးတို့အား အရဏ်ဆွမ်း၊ နေ့ဆွမ်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ချီးမြှင့်

ထို့နောက် မန္တလေးမြို့ အနောက်တိုက်တော် စိတ္တသုခကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တကောသလ္လအရှင်မြတ်က အနုမောဒနာတရားဟောကြား ချီးမြှင့်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆင်ကူး-ကုက္ကိုင်းလမ်း ဂဝံလမ်းသစ်ဖွင့်

ဒိုက်ဦး ဧပြီ ၁၆

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ဆင်ကူး-ကုက္ကိုင်းကျေးရွာ ချင်းဆက် ဂဝံလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၃ရက်က အဆိုပါလမ်းရှိ မုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတော့ရယ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်ခင်အေးဝင်းတို့က ဖဲကြိုးဖြတ်၍ ဂဝံလမ်းသစ်ကို ဖွင့်လှစ်ပေးကြကြောင်း သိရ သည်။ **(မြို့နယ် စည်ပင်)**

ပဲခူးတိုင်း ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကညွတ်ကွင်း (အရှေ့)ကျေးရွာအုပ်စု ခင်တန်းကျေးရွာတွင် အလှူရှင်စက်ရေတွင်း အမှတ်(၂) တူးဖော်ဆောင်ရွက်ခြင်း လုပ်ငန်းကို ဧပြီ ၁၃ရက်က စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာညွှန်ကြားရေးမှူး ဦးလှသိန်းအောင်နှင့်အတူ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အမှတ်(၄၁)အဆန်ရထား မိုးကောင်းဘူတာ၌ ရှာဖွေရာ တရားမဝင်ကျွန်းသစ်ခွဲသား မျိုးစုံသိမ်းဆည်းရမိ

မိုးကောင်း မေ ၅

မန္တလေးမှ မြစ်ကြီးနားသို့ ပြေးဆွဲခုတ်မောင်းနေသော အဆန်ရထားများပေါ်တွင် တရားမဝင် ကျွန်းသစ်ခွဲသားများ တင်ဆောင်နေကြောင်း သတင်းအရ ကချင်ပြည်နယ် မိုးကောင်းမြို့နယ် သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ နယ်မြေခံ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၆ ရက် ည ၉နာရီ ၅မိနစ်က မိုးကောင်းဘူတာသို့ ဆိုက်ရောက်လာသည့် အမှတ် (၄၁)အဆန် စာပို့ရထားပေါ်သို့ တက်ရောက်ရှာဖွေ စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ဆက်သွယ်ရေး ချောတွဲပေါ်မှ တရားမဝင်ကျွန်းသစ်ခွဲသား အရွယ်အစားမျိုးစုံ ၂၈၁ချောင်း စုစုပေါင်းအလေးချိန် ၀ဒသမ၄၁၂တန် ပိုင်ရှင်မဲ့ တွေ့ရှိသိမ်းဆည်းရမိသဖြင့် မြို့နယ်သစ်တော ဦးစီးဌာနမှ သစ်တောဥပဒေအရ ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ အဆိုပါပူးပေါင်းအဖွဲ့သည် မတ်၅ရက်က မန္တလေး-မြစ်ကြီးနား အမှတ်(၅၅)အဆန်အထူး အမြန်ရထား ရိုးရိုးတန်းတွဲ(၁)ပေါ်မှ တရားမဝင် ကျွန်းသစ်ခွဲသား အရွယ်အစားမျိုးစုံ ၂၀၉ချောင်း အလေးချိန် ၀ဒသမ၁၅၉တန်ကိုလည်းကောင်း၊ ဧပြီ ၂၀ ရက်က မန္တလေး-မြစ်ကြီးနား အမှတ်(၄၁)အဆန်စာပို့ရထား ဆက်သွယ်ရေး ချောတွဲပေါ်မှ တရားမဝင် ကျွန်းသစ်ခွဲသား အရွယ်အစားမျိုးစုံ ၃၇ ချောင်း အလေးချိန် ၀ဒသမ၁၉တန်ကိုလည်းကောင်း ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ (၄၁၆)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
ကဆုန်လပြည့်ကျော် ၁၀ ရက်
၁၀-၅-၂၀၀၇
(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (သဘာဝ အရသာစစ်စစ် ပြင်ဦးလွင်၏ ကော်ဖီမှုန့်အစစ်)
၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ပညာတတ်တာမင်္ဂလာပါ (အရှင်သံဝရာလင်္ကာရ-ဓမ္မပိယဆရာတော်)
(၂) ဖြောင့်သောမြား (သို့မဟုတ်) ယောကျာ်းကောင်းဟူသည် (ဦးဝမ်ထိန်)
၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (အာဟာရနှင့် အသက်ရှည်ရေး-မောင်ဆုရှင်)
၁၂:၃၀ အစာနှင့်အာဟာရ (ဘီတာမင်ဘီဝမ်းဓာတ် ကြွယ်ဝသော အစားအစာများ)

ညနေပိုင်း

၁၆:၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၁၅ ထူးဆန်းထွေလာ သတင်းပဒေသာ
၁၈:၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) ရည်းစားဘဝနဲ့ မနေချင်တော့ဘူး (မောင်မောင်ညွှန့်)
(၂) အမေ့ထံခွင့်ပန်ပါ(တင်တင်ထွေး)
၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉:၁၅ ဓာတ်လမ်းပမာနားဆင်စရာ (ဘဲဥဖူးစာ)
၁၉:၃၅ ခေတ်မရွေးသောတေး
(၁) မောင်ချော့မြူပါ့မယ် (ခနုဖြူစိုးသိန်း)
(၂) ခွင့်လွှတ်နော် (ဟေမာနေဝင်း)
(၃) စနေနေ့ညကိုးနာရီ(မျိုးမြင့်လေး)
၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အမေ့အိမ် (ခင်နှင်းသက်)
(၂) ညမွှေးပန်း (ဂီတာဖေဝင်း)
(၃) ဘဝချင်းဆုံတွေ့ပါရစေ(ချိုပြုံး)

မတ် ၃၁ရက်က မန္တလေး အောင်မြေသာစံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ဟောပြောပွဲကို အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ် ဖောင်တော်ဦးဓမ္မာရုံတွင်ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ခင်မာဆောင်း ကျန်းမာရေးပညာပေး ဟောပြောစဉ်။ (၁၆၂)

ရန်ကုန်တိုင်း ခရမ်းမြို့ မိုးကုတ်ဝိပဿနာရိပ်သာအဖွဲ့ခွဲ အမှတ် (၄၀၆) သို့ အင်းစိန်မြို့ အရှေ့ကြို့ကုန်း ခြံအမှတ် (၄၇၆) နေ ဦးချစ်မောင်-ဒေါ်ခင်သန်းဌေး မိသားစုတို့က ငွေကျပ် သိန်း၆၅၀ ကျော်တန်ဖိုးရှိ ရိပ်သာမြေနေရာ၊ ဓမ္မာရုံ ရိပ်သာအဝင်လမ်း၊ စက်ရေတွင်း ရေလှောင်ကန်နှင့်အထွေထွေပစ္စည်းများကို ဧပြီ၁၆ ရက်က ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မိုးညှင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကြီးမှူး အလှူရှင် ၇၁ဦး လှူဒါန်းသော ဆေးပဒေသာပင်စိုက်ထူပွဲကျင်းပ

မိုးညှင်း ဧပြီ ၂၅

ကချင်ပြည်နယ် မိုးညှင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ဆေးပဒေသာပင် စိုက်ထူပွဲအခမ်းအနားကို ဧပြီ ၁၈ရက်က မိုးညှင်းမြို့ခုတင်(၁၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

လှူဒါန်းငွေ

အခမ်းအနားတွင် အထွေထွေရောဂါကုဆေးရုံကြီး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ထွန်းက ဆေးပဒေသာပင်စိုက်ထူခြင်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားပြီး ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အလှူရှင် ၇၁ဦး လှူဒါန်းသော အလှူငွေကျပ်စုစုပေါင်း ၂၂ သိန်း ငါးသောင်းကို လက်ခံရယူသည်။ **(အပေါ်ပုံ)**

ထို့နောက် အထွေထွေရောဂါကု ဆေးရုံကြီး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး၊ ခရိုင်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဆရာဝန်ကြီး ဒေါ်စန်းစန်းက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(၁၅၂)**

ဇန်းမော်ခရိုင် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း အရှိန်အဟုန်မြှင့်ဆောင်ရွက်၊ ပညာပေးဟောပြော

ဇန်းမော် မေ ၃

ဇန်းမော်ခရိုင် မီးဘေးကြိုတင်ကာကွယ်ရေးကြီးကြပ်မှုကော်မတီနှင့် ခရိုင်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ခရိုင်မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၂ရက်နံနက် ၉ နာရီက ဇန်းမော်မြို့ဈေးကြီး (သီရိဈေး)သို့ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးမြသန်းသည် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးချစ်မောင်နှင့် တပ်ဖွဲ့ဝင်များလိုက်ပါလျက် ကွင်းဆင်းစစ်ဆေးကြသည်။

ရှေးဦးစွာ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးမြသန်းသည် ဈေးရုံးတွင် ဈေးအကျိုးတော်ဆောင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊စည်ပင်သာယာရေးအဖွဲ့ရုံးဈေးတာဝန်ခံနှင့် ဝန်ထမ်းများအားတွေ့ဆုံပြီး နိုင်ငံပိုင်အလုပ်ရုံ၊ စက်ရုံများ၊ အများပြည်သူနှင့် သက်ဆိုင်သောဈေးများတွင် မီးဘေးကာကွယ်ရေးကိစ္စရပ်များကို ပညာပေးဟောပြောသည်။

ထို့နောက် ဈေးအတွင်းရှိ စားသောက်ဆိုင်များ ထင်းမီး၊ မီးသွေးမီး သုံးစွဲနေမှုများ၊ လျှပ်စစ်ဝိုင်ယာကြိုးသွယ်တန်းမှုများ၊ ဈေးအတွင်း မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးထားရှိမှုများ၊ မီးသတ်ဆေးဘူး ထားရှိမှုများ၊ အရေးပေါ် ဝင်ပေါက်၊ ထွက်ပေါက်၊ ရေအလွယ်တကူရရှိမှုများကို ကွင်းဆင်းစစ်ဆေးပြီး စားသောက်ဆိုင်များ အရေးပေါ် မီးလောင်မှုဖြစ်ပွားပါက တစ်ပိုင်တစ်နိုင် လက်ဦးမှုရရှိအောင် မီးသတ်ဆေးဘူးကိုင်တွယ် အသုံးပြုနည်းများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးချစ်မောင်နှင့် ဝန်ထမ်းများကလက်တွေ့ သရုပ်ပြသကြသည်။ **(မီးသတ်ဦးစီး)**

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့ရေပေးရေးစက်ရုံကို မတ် ၁၆ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်ဦးနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်ချိုချိုတို့က ရေပေးဝေရေးဆောင်ရွက်မှုကိုရှင်းလင်း တင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဧပြီ ၄ ရက်က တိုက်ကြီးမြို့ သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ရန်ကုန်-ပြည်လမ်းဘေး ဝဲယာတစ်လျှောက်ရှိ ပန်းအလှပင်များ ပြုပြင်ခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ကို ဒုတိယဦးစီးမှူး (သန့်) ဦးမျိုးအောင်နှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

တာချီလိတ်၌ မူကြိုအရွယ် ကလေးသူငယ် ဘက်စုံပြုစုပျိုးထောင်ရေး သင်တန်းဆင်း

တာချီလိတ် ဧပြီ ၁၉

တာချီလိတ်ခရိုင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော မူကြိုအရွယ် ကလေးသူငယ် ဘက်စုံပြုစုပျိုးထောင်ရေး သင်တန်းဆင်းပွဲကို မတ် ၃၀ရက် နံနက်၉ နာရီက ဆေးရုံဝင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ နာယကဒေါ်သင်းသင်းရည်၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းအေး၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းရွှေနှင့် အသင်းဝင်များ၊ သင်တန်းသူများ တက်ရောက်ကြပြီး ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်သင်းသင်းရည်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြောင်းသိရသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

အခြေခံပညာ မူလတန်းလွန် ကျောင်းဆောင်သစ်တိုင်ထူ

မြင်းမူ ဧပြီ ၂၅

ကိုယ့်အားကိုယ်ကိုးအခြေခံပညာမူလတန်းလွန် ကျောင်းဆောင်သစ် တိုင်ထူပွဲကို ဧပြီ ၅ရက် နံနက်၉နာရီက မြင်းမူမြို့နယ် လက်ပန်း ကျေးရွာ အခြေခံပညာ မူလတန်းလွန် ကျောင်း၌ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာပြည်သူများက ကိုယ့်အားကိုယ်ကိုးအခြေခံပညာမူလတန်းလွန် ကျောင်းဆောင်သစ်ကို တိုင်ထူကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်း၊မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဆရာ ဆရာမများက ဝိုင်းဝန်းအားပေးကြသည်။

အဆိုပါကျောင်းဆောင်သစ်သည် အလျား ပေ ၁၄၀၊ အနံ ၃၆ပေနှင့် အမြင့် ၂၂ပေ ဖြစ်ပြီး အုတ်နံရံကပ်၊ သမံတလင်းခင်း၊ သွပ်မိုးနှစ်ထပ် အဆောက်အအုံဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စာပေအရည်အသွေးမြှင့်မားရေး ကျေးလက်၌ ဆောင်ရွက်

ကောလင်း မေ ၂

ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ဧပြီလအတွင်းက ကျေးလက်ဒေသ စာပေအရည်အသွေး မြှင့်မားရေး ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်းက ကျေးလက်ဒေသ စာပေအရည်အသွေးမြှင့်မားရေးအတွက် ကဗျာရွတ် ပြိုင်ပွဲ၊ နှုတ်မှု စွမ်းရည်ပြိုင်ပွဲ၊သတင်းစာဖတ်ပြိုင်ပွဲ၊ စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာတမ်းဖတ်ပွဲနှင့် စာပေဟောပြောပွဲ ကျင်းပရေး ဆွေးနွေးကြောင်းသိရသည်။ **(၀၂၆)**

တွံတေးမြို့အခြေခံပညာအထက်တန်းကျောင်းအုပ် ဆရာမကြီး ဒေါ်ဝင်းတင် ဦးစီး၍ ဆရာ၊ ဆရာမ များက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများအား တစ်နေ့တာ အာဟာရ ကျွေးမွေး လှူဒါန်းပြီး ဆေးပဒေသာပင်အဖြစ် ငွေကျပ် တစ်သိန်း လှူဒါန်းရာ ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းက လက်ခံစဉ်။ (၃၈၀)

တိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ မှန်ကန်မြန်ဆန်စွာ ထုတ်ပေးနိုင်ရေး နိုင်ငံသားကတ်ပြား ထုတ်ပေးရေးလုပ်ငန်း စိစစ်ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းပြီး အရှိန်အဟုန်မြှင့်တင် လူမှုရေးအသင်းအဖွဲ့ များနှင့် တက်ညီလက်ညီပူးပေါင်းကာ လူထုလှုပ်ရှားမှုအသွင်ဖြင့် ပါဝင်ဆောင်ရွက်

ရန်ကုန် မေ ၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် မေ ၆ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် သထုံမြို့သို့ ရောက်ရှိသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေသည် သထုံမြို့နယ် ပေါ်တော်မူကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သထုံမြို့နယ်နှင့် ရပ်ကွက်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံကာ နိုင်ငံတစ်ဝန်း နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာ **စာမျက်နှာ ၉ ကော်လံ ၁** ●

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ဘားအံမြို့နယ် ဦးစီးဌာနမှူးရုံး၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ပြည်သူများထံ ပေးအပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (လဝက)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး
စီးပွားရေး ဦးတည်ချက် (၄)ရပ်	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး
လူမှုရေး ဦးတည်ချက် (၄)ရပ်	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မေလ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် မေ ၈

အနောက်တောင်မုတ်သုံလေသည် မေလဒုတိယ ၁၀ ရက်ပတ် အတွင်း ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းသို့ ဝင်ရောက်ဖွယ်ရာရှိသည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနိုင်ကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

မိုးအခြေအနေ

ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ၅ ရက်မှ ၇ ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ၂ ရက်မှ ၄ ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **စာမျက်နှာ ၃ ကော်လံ ၅** ■

မိုးလေဝသအခြေအနေ (၉-၅-၂၀၀၇)

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မြန်မာ့အလင်း သတင်းမြင်ကွင်းနှင့် အားကစားအညွှန်း

လှော်လာရေးခရီးတစ်ထောက်မှ ပဲခူးတိုင်းအတွင်းရှိ စိန်သုံးလုံး တံမြက်စည်းလုပ်ငန်း စက်ပစ္စည်းအကူအညီမပါဘဲ လူ့လုပ်အားသက်သက်ဖြင့်သာ လုပ်ကိုင်ရသောလုပ်ငန်းဖြစ်

တံမြက်စည်းကိုင်းများကို ဆဲလ်လုံးလေးများဖြစ်အောင် စည်းနေသည်မှာ သေသပ်လှသည်။

ဓာတ်ပုံမှတ်တမ်း – တင်စိုး (မြန်မာ့အလင်း)

သန်းသန်းနုနှင့်အေးသန္တာသိန်းတို့၏ သတင်းမြင်ကွင်း (စာ-၇)

ပရီမီယာလိဂ်ရာသီကုန်၌ ဝက်စ်ဟမ်း၏အနေအထား

ဝက်စ်ဟမ်း ဘောလုံးသမားများ မန်ယူနှင့် ကစားမည့် လက်ကျန်ပွဲတွင် ဤသို့ အောင်ပွဲခံနိုင်ပါ မည်လော။

ကမ္ဘာတစ်လွှား အားကစား (စာ-၁၃)